ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ သောကြာနေ့၊ (28-9-2007) (၅၄၅၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တွေ့ဆုံဆွေးနွေး

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Felipe Perez Roque တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (နိုင်ငံခြားရေး)

မြန်မာ–ကျူးဘား နှစ်နိုင်ငံ ပူးတွဲကော်မရှင်
ဒုတိယအကြိမ်အစည်းအဝေး နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၇

ကျူးဘားသမ္မတနိုင်ငံ ဟားဗားနားမြို့၌ ၂၀၀၇ခုနှစ် စက်တင်ဘာ ၁၇ရက်မှ ၁၈ ရက်အထိကျင်းပသည့် မြန်မာ–ကျူးဘား နှစ်နိုင်ငံ ပူးတွဲကော်မရှင် ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟားဗားနားမြို့ Jose' Marti အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ စက်တင်ဘာ ၁၆ရက် ည ၆နာရီတွင် ရောက်ရှိကြရာ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Marcelino Mesina နှင့် Asia and Oceania ဌာနညွှန်ကြားရေးမှူး Mr. Alberto J. Blanco Silva တို့က လေဆိပ်၌ ကြိုဆိုကြသည်။

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်တင့်ဆွေ လိုက်ပါလျက် Jose' Marti အမျိုးသားကျောက်တိုင်သို့ သွားရောက်ရာ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Marcelino Mesina နှင့် သံတမန်ရေးရာဌာန အကြီးအကဲ ညွှန်ကြားရေးမှူး Mr. Angel Reigosa de la Cruz တို့က ကြိုဆိုကြပြီး ဝန်ကြီး ဦးညဏ်ဝင်းက လွမ်းသူ့ပန်းခွေချသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

ယနေ့ မြန်မာ့နိုင်ငံရေးမြင်ကွင်းမှ အမှန်နှင့်အမှားများ (၃)

ကဲ- အခု ပြည်ပအသံလွှင့်ဌာနတွေ ဘာလုပ်နေသလဲ၊ လေ့လာကြည့်ကြပါ။ တစ်၊ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်အားကိုးမှုလျော့ကျပြီး ပုဆိန်ရိုးတွေကို အထင်ကြီးလာဖို့၊ နှစ်၊ ပုံကြီးချဲ့သတင်း၊ လုပ်ကြံသတင်းများကောလာဟလတွေထုတ်လွှင့်ပြီး တိုင်းပြည်အတွင်းမှာ စိုးရိမ်စိတ်တွေ၊ မတည်ငြိမ်မှုတွေ ပေါ်လာအောင်လုပ်ဖို့၊ သုံး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားစေဖို့၊ လေး၊ မြန်မာနိုင်ငံမှာအခြေအနေတွေ သိပ်ဆိုးနေပြီလို့ နိုင်ငံတကာကမြင်ပြီး အမေရိကန်က မြန်မာ့ပြည်တွင်းရေးမှာ ပြောင်ကျကျ ဝင်ရောက်စွက်ဖက်နေတာကို ထောက်ခံလာဖို့ လုပ်နေတယ်ဆိုတာ တွေ့ရမှာပါ။

ကျော်မင်းလူ(ရွှေပြည်သာ)၏ "ယနေ့ မြန်မာ့နိုင်ငံရေးမြင်ကွင်းမှ အမှန်နှင့်အမှားများ (၃)" (ဆောင်းပါး) စာမျက်နှာ–၈၊၉၊၁၀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၈–၉–၂၀၀၇
(သောကြာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြို့ပြသန့်ရှင်းရေးအစဉ်အလေးထား သာယာလှပသော လူမှုပတ်ဝန်းကျင် ဖန်တီးဖော်ဆောင်

စီးပွားရေးအချက်အချာကျသည့် မြို့ကြီးပြကြီးများတွင် လူဦးရေ တစ်နေ့တခြား တိုးတက်များပြားလာလျက်ရှိရာ မြို့ပြအင်္ဂါရပ်များနှင့်အညီ ကျန်းမာသန့်ရှင်းရေး၊ သာယာလှပရေးအတွက် ပြည်သူများအားလုံးကပါ ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်ပေးကြရမည် ဖြစ်သည်။

မြို့ပြသန့်ရှင်းသာယာလှပရေးလုပ်ငန်းများသည် တစ်နေ့ချင်း၊ တစ်လချင်း ဆောင်ရွက်၍ ပြီးစီးသွားသည်မဟုတ်ဘဲ နေ့စဉ်နေ့တိုင်း လုပ်ဆောင်သွားကြရမည့် လုပ်ငန်းများဖြစ်သည်။ ပြည်သူတိုင်းက အသိတရားရှိရှိဖြင့် လိုက်နာကျင့်သုံး လုပ်ဆောင်သွားကြရမည့် တာဝန်များလည်းဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များက ပြည်သူများ၏ လူနေမှုဘဝ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိရာ ကူးသန်းဆက်သွယ် ရောင်းဝယ်ဖောက်ကားမှု လွယ်ကူစေရေး၊ မြို့ရွာ၊ ဈေး၊ ကျောင်း သန့်ရှင်းသပ်ရပ်သာယာလှပစေရေးနှင့် ကျန်းမာသန့်ရှင်း ရောဂါဘယကင်းရှင်းရေး လုပ်ငန်းများ ပါဝင်သည်။

ထို့ပြင် မြို့ပြပတ်ဝန်းကျင်၌ အမှိုက်သရိုက်ရှင်းလင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ လျှပ်စစ်မီးလင်းရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများအပိုင်းကလည်း အမှိုက်သရိုက်အညစ်အကြေးများ စနစ်တကျစွန့်ပစ်ခြင်း၊ အိမ်၊ လမ်း၊ ဈေးဆိုင် ပတ်ဝန်းကျင်သန့်ရှင်းရေး နေ့စဉ်ရှင်းလင်းခြင်းတို့ဖြင့် ပါဝင်ကူညီကြရမည်ဖြစ်သည်။ လူသွားစင်္ကြံပေါ် ကျူးကျော်၍ ကိုယ်ကျိုးစီးပွားအတွက်အသုံးပြုခြင်း၊ ခရီးသည်တင်ယာဉ်ပေါ်မှ အမှိုက်များပစ်ချခြင်း၊ ကွမ်းတံတွေးများထွေးချခြင်းတို့သည် မြို့ပြသန့်ရှင်းသပ်ရပ်မှုကို ပျက်ယွင်းစေသည့် လုပ်ရပ်များဖြစ်သဖြင့် သတိပြုဆင်ခြင် ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

မြို့ကြီးပြကြီးတိုင်းတွင် ပြည်သူများအားလုံးက ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မြို့ပြသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများတွင် အသိတရားနှင့်ယှဉ် စည်းကမ်းရှိရှိ လိုက်နာပါဝင်ဆောင်ရွက်ကြခြင်းဖြင့် သာယာလှပသော မြို့ပြလူနေမှုပတ်ဝန်းကျင်များ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဗုဒ္ဓဘာသာ ကမ္ဘာ့သာသနာပြု ဦးလှဝင်း–ဒေါ်ပြုံးကြည် မိသားစု (ပြည်တော်အေးသစ်စက် ၃၅–၃၆ လမ်းကြား မဟာအောင်မြေမြို့နယ် မန္တလေးမြို့)ကိုယ်စား ဒုတိယနှင့် တတိယအကြိမ်အတွက် အလှူငွေကျပ်နှစ်သိန်းကို ဘဒ္ဒန္တ နေမိန္ဒ(ပြဟ္မစိုရ်) မဟာဂန္ထဝါစကပဏ္ဍိတက ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဦးကျင်စိန်–ဒေါ်ရှုထံသို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရောဝတီတိုင်းအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

၂၀၀၇ ခုနှစ် ရောဝတီတိုင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပရာ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အမှာစကားပြောကြားကာ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့် ဆုရရှိသူများကို ဆုများပေးအပ်သည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ၎င်းတို့၏ဇနီးများ၊ တိုင်းအတွင်းရေးမှူး ဦးကျော်စန်းနှင့်အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များ၊ သူနာပြုသင်တန်းကျောင်းသူများ၊ ကိုယ်ဝန်ဆောင် မိခင်များ၊ အသက်ငါးနှစ်အောက် ကလေးများနှင့် မိခင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကား ပြောကြားပြီး တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဆွေဝင်းက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင်ပထမရရှိသူ၊ ပုသိမ်မြို့၊ အလက(၁) အဋ္ဌမတန်း ကျောင်းသူ မသန့်ရည်လွင်၊ ဒုတိယဆုရရှိသူ မြောင်းမြမြို့ အထက(၁) နဝမတန်းကျောင်းသူ မအိချောဖြူ၊ တတိယရရှိသူ ဘိုကလေးမြို့ အထက(၂) နဝမတန်းကျောင်းသူ မမြတ်ကေခိုင်စံတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲပထမ၊ဒုတိယ၊တတိယ ဆုရရှိသူများကိုလည်းကောင်း၊ တိုင်းအတွင်းရေးမှူး ဦးကျော်စန်းက မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ပြသထားသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာများ၊ အိုင်အိုဒင်းဆား အရည်အသွေး စစ်ဆေးခြင်းများအား ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေဆေးလုံး တိုက်ကျွေးကာ ဒုတိယတိုင်းမှူးနှင့်တာဝန်ရှိသူများက ကလေးငယ်များအား ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ဘိုင်ဖရွှန်းဓာတ်အားဆေးပြားများ၊ ဗီတာမင်ဘီဝမ်းဆေးပြားများ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ရောဝတီတိုင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားတွင် ကလေးသူငယ်များအား ဗီတာမင်အေဆေးလုံး တိုက်ကျွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် စက်တင်ဘာ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာ့ သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်အား အစမ်းခန့် ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ရထားများ အချိန်ပြောင်းလဲပြေးဆွဲပေးမည်

နေပြည်တော် စက်တင်ဘာ ၂၇

ခရီးသွားပြည်သူများ အဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်အတွက် ယခင် နံနက် ၃ နာရီ ၁၅ မိနစ်တွင် ထွက်ခွာသည့် ရန်ကုန်–နေပြည်တော်(၃၁)အဆန်ရထားသည် ရန်ကုန်မှ နံနက် ၈နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး နေပြည်တော်သို့ ညနေ ၄ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ ထို့အတူ နေပြည်တော်မှ ရန်ကုန်သို့ ထွက်ခွာမည့် အမှတ်(၈) အစုန်ရထားသည် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်အစား နံနက် ၁၀ နာရီတွင် နေပြည်တော်မှ ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နွယ်သာကီမဂ္ဂဇင်း အမှတ်(၃) ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၇

ရွှေပြည်စိုးစာပေတိုက်မှ ထုတ်ဝေသည့် နွယ်သာကီမဂ္ဂဇင်း အမှတ်(၃) **(ယာပုံ)**ကို ၂၀၀၇ခုနှစ် အောက်တိုဘာလအတွက် ထုတ်ဝေလိုက်သည်။ နွယ်သာကီမဂ္ဂဇင်းအမှတ်(၃)၌ ဇော်ဂျီ၊ မင်းသုဝဏ်အတွက်အမှတ်တရဂါရဝ၊ ဇော်မင်းမင်းဦး၊ မြင်းမူမောင်နိုင်မိုး၊ ညွှန့်ဝေ(ကသာ)၊ မွေးငယ်ငယ်၊ ကျော်ကျော်ဦး (လယ်ဝေး)၊ မောင်မောင်မိုးအောင်၊ ကောင်းမြတ် (ခရာတော)၊ ဘွင်းဘွင်း၊ ခြိမ့်နိုင်၊ ခမ်းစုဝင်းကြည် (သီပေါ) တို့၏ ကဗျာများ၊ ချစ်နိုင် (စိတ်ပညာ)၊ ရေနံ့ သာမောင်ကျော်ညွှန့်၊ နေမျိုးသန့်တို့၏ ကျောင်းသားရေးရာ၊ ကျော်(စက်မှု)၊ ကျော်စွာလင်း၊ ကိုကိုလှိုင်တို့၏ နိုင်ငံတကာရေးရာ၊ မြပဟန်သိန်းမောင်၊ ကြယ်တစ်လုံး၊ မောင်မြင့်မားတို့၏ ဟာသ၊ ကေမီကောင်း၊ မော်ဝန်းကြည်မြတ်တို့၏ အနုပညာရေးရာ၊ နန်းအိမ်သီဟ၊ မြင့်လွင် (ဂျပန်ဘာသာ)၊ ဖြိုးထိန်တို့၏ စာပေရေးရာ ဆောင်းပါးများ၊ ပညာဗလ၊ ရန်မင်းအောင်၊ မောင်ဟသ်ာ၊ မောင်ခြိမ့်၊ ကို(တက္ကသိုလ်)၊ စိုးစိုး (ပန်းတောင်း)တို့၏ဝတ္ထုများ၊မောင်ဆန္ဒ (လယ်ဝေး)၊ တင်ဝင်း (မအူပင်)၏ ဗုဒ္ဓဝင်ရသနှင့် မိုးပန်းမွန်(ရာမည)၏ ဝတ္ထုရှည် စ–ဆုံးတို့ဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်သည်။

နွယ်သာကီ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၁)၊ ၅၂၉ ကုန်သည်လမ်း၊ စာပေဗိမာန် ဖုန်း–၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၂) သစ္စာလမ်းမကြီး ရန်ကင်း ဆရာအတတ်သင်ရှေ့ ဖုန်း–၇၂၅၅၃၀၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များတွင် အလွယ်တကူ ဝယ်ယူနိုင်သည်။

(သတင်းစဉ်)

✪ ရှေ့ဖုံးမှ

ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၉နာရီ မိနစ် ၂၀ တွင် Jose' Marti အမျိုးသားကျောက်တိုင်မှ Centre of Genetic Engineering and Biotechnology သို့ ဆက်လက်သွားရောက်ခဲ့ရာ ဌာနအကြီးအကဲညွှန်ကြားရေးမှူးချုပ် Dr. Luis Henara Martinez က ကြိုဆိုပြီး အာရှဒေသဆိုင်ရာ အရောင်းမန်နေဂျာ Dr.Sergio Perez Talavera က ကျူးဘားသမ္မတနိုင်ငံ၏ ကျန်းမာရေးကဏ္ဍဆိုင်ရာ အချက်အလက်များအပါအဝင် Centre of Genatic Engineering and Biotechnology နှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ယင်းဌာနမှထုတ်လုပ်သည့် ဆေးဝါးများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဌာနအတွင်း လိုက်လံပြသသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀နာရီခွဲတွင် Centre of Genatic Engineering and Biotechnology မှ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာ အထောက်အကူပစ္စည်းများ ထုတ်လုပ်သည့် Immunoassay Centre သို့ သွားရောက်ခဲ့ရာ ဌာနအကြီးအကဲ ညွှန်ကြားရေးမှူး Mr. Yvo Delgado က ကြိုဆို၍ ယင်းဌာနနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ဆေးဝါးထုတ်လုပ်မှု ဆေးကုသမှုဆိုင်ရာ စက်ကိရိယာများထုတ်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဌာနအတွင်း လိုက်လံပြသသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၄နာရီတွင် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်၍ Raut Roa ခန်းမ၌ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Felipe Perez Roque ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။ ဆွေးနွေးပွဲအပြီး ညနေ ၅နာရီခွဲတွင် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Felipe Perez Roqueက ဂုဏ်ပြုတည်ခင်းသော ကျူးဘားနိုင်ငံရှိ သံတမန်အဖွဲ့မှ နှုတ်ဆက်ကြိုဆိုဧည့်ခံပွဲသို့ တက်ရောက်သည်။

ဝန်ကြီးနှင့် အဖွဲ့သည် ညရနာရီတွင် Pink Houseသံတမန်ဧည့်ဂေဟာ၌ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Felipe Perez Roque က တည်ခင်း သော ညစာစားပွဲသို့ တက်ရောက်သည်။

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၈ရက် နံနက် ၈နာရီ မိနစ် ၂၀တွင် Alamar မြို့နယ်ရှိ စိုက်ပျိုးရေးခြံ Organoponico Vivero Alamar (UBPC) သို့ သွားရောက်ခဲ့ရာ စိုက်ပျိုးရေးခြံကြီးကြပ်ရေးမှူး Mr.Miguel Angel Salcines Lopez က ကြိုဆိုပြီး ယင်းတို့၏ စိုက်ပျိုးရေးခြံအတွင်း စိုက်ပျိုးတိုးတက်မှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဥယျာဉ်ခြံအတွင်း လိုက်လံပြသသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁နာရီခွဲတွင် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး Mrs. Marta Lomas Morales ခေါင်းဆောင်သော ကျူးဘားကိုယ်စားလှယ်အဖွဲ့နှင့် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ-ကျူးဘား နှစ်နိုင်ငံ ပူးတွဲကော်မရှင် ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်သည်။

မြန်မာ-ကျူးဘား နှစ်နိုင်ငံ ပူးတွဲကော်မရှင် ဒုတိယအကြိမ် အစည်းအဝေး မွန်းလွဲ ၁၂နာရီခွဲတွင် ပြီးဆုံးရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး Mrs.Marta Lomas Morales တို့က နှစ်နိုင်ငံ ဆွေးနွေးချက်မှတ်တမ်းကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ဝန်ကြီးသည် မွန်းလွဲ ၁နာရီတွင် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး Mrs.Marta Lomas Morales က ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဧည့်ဂေဟာ၌ တည်ခင်းသော နေ့လယ်စာ စားပွဲသို့ တက်ရောက်သည်။

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီတွင် ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်တင့်ဆွေ လိုက်ပါလျက် ကျူးဘားသမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဌာနချုပ်သို့ သွားရောက်ကာ ပါတီဗဟိုကော်မတီ အတွင်းရေးမှူးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှူး Mr.Femando Remirez de Estenoz နှင့် တွေ့ဆုံဆွေးနွေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့် (၆၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် ညနေ ၃နာရီ ၁၀မိနစ်တွင် ဟားဗားနားမြို့ Jose' Martiအပြည်ပြည်ဆိုင်ရာလေဆိပ်မှ နယူးယောက်မြို့သို့ ဆက်လက်ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Marcelino Mesina, Asia and Oceania Department ညွှန်ကြားရေးမှူး Mr.Alberto J. Blanco Silva တို့က လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး Mrs. Marta Lomas Morales တို့ နှစ်နိုင်ငံ ဆွေးနွေးချက်မှတ်တမ်းကို လက်မှတ်ရေးထိုးကြစဉ်။ (နိုင်ငံခြားရေး)

ဝန်ကြီး ဦးအောင်သောင်း မန္တလေး ချည်မျှင်စက်ရုံ(၁)စစ်ဆေး လုပ်ငန်းလိုအပ်ချက်များ ဆောင်ရွက်ရန် မှာကြား

နေပြည်တော် စက်တင်ဘာ ၂၇

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီး ဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂)ရှိ ကနောင်မင်းသားကြီးလမ်း၊ ၆၉လမ်း x ၇၀ လမ်းကြား၊ မန္တလေး ချည်မျှင်စက်ရုံ(၁)သို့ ရောက်ရှိပြီး ဝါဖန်စက်၊ ဝါလိပ်စက်၊ ဗိုင်းတောင့်စက်များ၏ ကုန်ထုတ်လုပ်မှုများကိုလည်းကောင်း၊ ချည်ကတော့ဌာနနှင့် ချားရစ်စက်များဖြင့် ကုန်ထုတ်လုပ်မှုဌာနနှင့် ချည်မျှင်ထုပ်များအားလည်းကောင်း ကြည့်ရှုစစ်ဆေးရာ မန္တလေး ချည်မျှင်စက်ရုံ(၁) ဒါရိုက်တာ ဦးအိုက်ချစ်က လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးမြို့ စက်မှုဇုန်(၂)ရှိ Sweety Home Industry Co.,Ltd. သို့ ရောက်ရှိရာ ကုမ္ပဏီဒါရိုက်တာ ဦးညီညီကျော်က စက်ရုံတွင်းရှိ စပရိန်မွေ့ရာ ထုတ်လုပ်မှုကိုလည်းကောင်း၊ ရုံးသုံး ဆုံလည်ခုံပြုလုပ်မှုနှင့် ဆိုဖာထိုင်ခုံ ဒီဇိုင်းပုံစံ အမျိုးမျိုးကိုလည်းကောင်း လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် ပရိဘောဂစက်ရုံ၌ ပရိဘောဂဌာနတွင် အိမ်သုံးကြိတ်သားပရိဘောဂများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးသုံး ဆုံလည်ခုံမျိုးစုံ၊ ခေတ်မီမီးဖိုချောင်နှင့် အခန်းကာပါကေးရှင်းများ ပြုလုပ်ရန်အတွက် ကြိတ်သားဖြတ်တောက်ခြင်း၊ အပေါက်ဖောက်ခြင်းနှင့် လိုင်နာတပ်ဆင်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို အားပေးကြည့်ရှုပြီး လုပ်ငန်းများကို အစဉ်တိုးတက်ထုတ်လုပ်သွားနိုင်ရေး မှာကြားသည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးမြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ထီးစက်ရုံ(မန္တလေး)သို့ ရောက်ရှိပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ပညာသင် ထောက်ပံ့ပေး၍ မန္တလေးဆေးတက္ကသိုလ်၌ ပညာသင်ကြားနေသော ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ထီးစက်ရုံ(မန္တလေး)၏ ထုတ်လုပ်ပြီး အရောင်အသွေး ဒီဇိုင်းစုံဖြင့် ထီးများအားလည်းကောင်း၊ ထီးစက်ရုံ (မန္တလေး) တိုးချဲ့အဆောက်အအုံ တည်ဆောက်မည့် မြေနေရာကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ထီးထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး ခိုင်ခံ့သပ်ရပ်လှပသော ထီးများအဖြစ် တိုးတက်ထုတ်လုပ်ရန်နှင့် မီးဘေး ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ထားရှိကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးမြို့ စက်မှုဇုန်(၂)ရှိ Sweety Home Industry Co., Ltd. တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

အမျိုးသားအဆင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ပထမမူကြမ်းရေးဆွဲရေး အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ကကြီးမှူး၍ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (AIT/UNEP-RRC-AP) တို့ပူးပေါင်းပြီး အမျိုးသားအဆင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာပထမမူကြမ်းရေးဆွဲရေး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်မှ ကိုယ်စားလှယ်က အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးကျင်းပရာ နံနက်ပိုင်းတွင် ကုလသမဂ္ဂပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်မှ Dr. Aida Karazhanova က Progress of Development on NSDS of Some Country in Asia ကို တင်ပြပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် စာတမ်းကို ဖတ်ကြားသည်။

အစည်းအဝေး ဒုတိယပိုင်းတွင် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစာတမ်းနှင့် စဉ်ဆက်မပြတ် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုစာတမ်းကို ဆက်လက်ဖတ်ကြား၍ အစည်းအဝေးတက်ရောက်ကြသူများက ဆွေးနွေးကြပြီး ပထမနေ့ အစည်းအဝေးကို ရပ်နားသည်။

အစည်းအဝေးကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြင်းအား ဗို့ ၅၀၀၀၀ ရှိ လျှပ်စစ်ကျဉ်စက်သေနတ်ဖြင့် ဆူပူသူများအား အမေရိကန်ရဲတပ်ဖွဲ့ဝင်များ ပစ်ခတ်ဖမ်းဆီး

ဟူစတန် စက်တင်ဘာ ၂၇

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ရဲအရာရှိများက အမျိုးသမီးတစ်ဦးအား လျှပ်စစ်ကျဉ်စက်သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့မှုနှင့် ပတ်သက်ပြီး ကာကွယ်ပြောကြားလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

တေလာကာရက်စ်အမည်ရှိ အသက် ၁၅နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးအား တေဆာခေါ် လျှပ်စစ်ကျဉ်စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အဆိုပါ အမျိုးသမီးငယ်လေးမှာ အသက်ဘေးမှ လွတ်အောင် ထွက်ပြေးခဲ့ရကြောင်း သိရသည်။

ထိုမိန်းကလေးငယ်ကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး တေဆာခေါ် လျှပ်စစ်ကျဉ်စက်သေနတ်ဖြင့် ထပ်မံပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ အဖြစ်အပျက်ကို ရဲအရာရှိတစ်ဦးက ဗီဒီယိုရိုက်ကူးပြီး ပြသခဲ့ကြောင်းသိရသည်။ ထို့အပြင် အသက် (၃၈)နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးအားလည်း စားသောက်ဆိုင်တစ်ခု၏ အပြင်ဘက်တွင် တေဆာခေါ် လျှပ်စစ်ကျဉ်စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ထို့နောက် အဆိုပါအမျိုးသမီးအား ခြေထောက်ဖြင့်ကန်ခဲ့ကြောင်း သိရသည်။

အလားတူ ဖလော်ရီဒါပြည်နယ်ရှိ တက္ကသိုလ်တစ်ခုတွင်လည်း ရဲတပ်ဖွဲ့ဝင်များက စည်းကမ်းချိုးဖောက်သော ကျောင်းသားတစ်ဦးအား ဖမ်းဆီးရာ၌ တေဆာခေါ် လျှပ်စစ်ကျဉ်စက်သေနတ်ဖြင့် ပစ်ခတ်အသုံးပြုခဲ့ကြောင်း သိရသည်။

ထိုတေဆာလက်နက်သည် လျှပ်စစ်ကျဉ်စက်သေနတ်ဖြစ်ပြီး ပြင်းအား ဗို့ ၅၀၀၀၀ ရှိကြောင်း၊ အမေရိကန်ရဲတပ်ဖွဲ့ဝင်များ ကိုင်ဆောင်အသုံးပြုလေ့ရှိကြောင်း သိရသည်။

အင်တာနက်။



အမေရိကန်ရဲတပ်ဖွဲ့ဝင်များက ပြင်းအားဗို့ ၅၀၀၀၀ ရှိ တာဆာလက်နက်ဖြင့် ပစ်ခတ်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အာဖဂန်နစ္စတန်တွင် နေတိုးတပ်ဖွဲ့ဝင်သေဆုံး

ကဘူး စက်တင်ဘာ ၂၆

အာဖဂန်နစ္စတန် တောင်ပိုင်းတွင် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုအဖွဲ့(အိုင်အက်စ်အေအက်ဖ်) ကင်းလှည့်စဉ်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး၊ လေးဦးဒဏ်ရာရကြောင်း အိုင်အက်စ်အေအက်ဖ်က စက်တင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် စစ်သွေးကြွများကို တိုက်ခိုက်ရန်နှင့် လုံခြုံရေးထိန်းသိမ်းထားနိုင်ရန် အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့ဝင် ၃၇၀၀၀ ခန့်ကို တပ်ဖြန့်ချထားသည်။

တာလီဘန်စစ်သွေးကြွများ အကြမ်းဖက်မှု များပြားလာမှုကြောင့် ယခုနှစ် အာဖဂန်နစ္စတန်နိုင်ငံတွင် အိုင်အက်စ်အေအက်ဖ်နှင့်အမေရိကန် အပေါင်းပါတပ်ဖွဲ့ဝင် အပါအဝင် နိုင်ငံခြားတပ်ဖွဲ့ဝင် ၁၆၀ကျော် သေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

စက်တင်ဘာ ၁၇ရက်က အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ တက္ကသိုလ်တစ်ခုတွင် စည်းကမ်းချိုးဖောက်သော ကျောင်းသားတစ်ဦးကို ရဲတပ်ဖွဲ့ဝင်များက အတင်းအဓမ္မဖမ်းဆီးနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီတလီလေယာဉ် လေ့ကျင့်စဉ်ပျက်ကျ လေယာဉ်မှူးနှစ်ဦး အသက်မသေ လွတ်မြောက်

ဝါဆော စက်တင်ဘာ ၂၆

ပိုလန်နိုင်ငံ အနောက်ဘက် ဂျက်စိန်မြို့အနီးတွင် စက်တင်ဘာ ၂၅ ရက်က ပိုလန်–အီတလီနိုင်ငံ လေယာဉ်မှူးများပါဝင်သော အီတလီနိုင်ငံ အေအမ်အိတ်က်–တီအမျိုးအစားလေယာဉ်သည် လေ့ကျင့်ပျံသန်းစဉ် ပျက်ကျခဲ့ကြောင်း ပိုလန်နိုင်ငံ ပီအေသတင်းဌာနက ဖော်ပြသည်။

အီတလီလေယာဉ်မှူးနှင့် ပိုလန်တွဲဖက်လေယာဉ်မှူးတို့သည် လေယာဉ်မှ လေထီးဖြင့် ခုန်ဆင်းလွတ်မြောက်ခဲ့သည်။

အဆိုပါ လေယာဉ်မပျက်ကျမီ လေယာဉ်မှူးက လေယာဉ်အင်ဂျင်ပိုင်းချို့ယွင်းမှုကို အကြောင်းကြားခဲ့ကြောင်း ပိုလန်လေတပ်ဗိုလ်မှူး ဝိစလောဂျာဇီဂေါ်ဇောစတီးက ပြောကြားသည်။ မတော်တဆဖြစ်ပွားရာ ဒေသတွင် လေယာဉ်မှူးနှစ်ဦးစလုံး ဆေးဝါးကုသမှုခံယူရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗီယက်နမ်၌ တံတားကျိုးကျ၊ အလုပ်သမား ၂၇ ဦးသေဆုံး

ဟန္ဒိုင်း စက်တင်ဘာ ၂၆

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကန်သိုမြို့တွင် စက်တင်ဘာ ၂၆ ရက် နံနက် ၈ နာရီခွဲက ဆောက်လုပ်ဆဲ ဟူမြစ်ကူးတံတားကျိုးကျသဖြင့် အလုပ်သမား ၂၇ ဦးသေဆုံးကြောင်း၊ အခြား ၁၀၀ ခန့်မှာ သေဆုံး၊ သို့မဟုတ် ပျောက်ဆုံးနေကြောင်း ပြည်တွင်းသတင်းဌာနနှင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဖြစ်စဉ် တွင် အလုပ်သမား ၁၀၀ ခန့်သည် ငြမ်းပြိုကျပြီး တံတားအောက်သို့ ပြုတ်ကျသွားကြောင်း၊ ၁၅၀ ခန့်သည် တံတားပေါ်တွင် ရှိနေကြောင်း ကန်သိုမြို့ ရဲအရာရှိတစ်ဦးက တယ်လီဖုန်းဖြင့် ပြောကြားသည်။ ယင်းတံတားတည်ဆောက်သည့် ဂျပန်နိုင်ငံ ကုမ္ပဏီသုံးခုဖြစ်သော တိုင်ဆိုင်၊ ကာဇီမာနှင့် နီပွန်စတီးမှ အင်ဂျင်နီယာနှင့် အလုပ်သမား ၂၅၀ ခန့်သည် မတော်တဆဖြစ်ပွားချိန်၌ ဆောက်လုပ်ရေး လုပ်ငန်းခွင်တွင်ရှိကြောင်း တာဝန်ရှိသူကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘင်္ဂလားဒေ့ရှ်၌ ကင်ဆာရောဂါဖြစ်ပွားသူ လေးသန်းနီးပါးရှိ

ဒါကာ စက်တင်ဘာ ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုအခါ ကင်ဆာရောဂါဖြစ်ပွားသူလေးသန်းနီးပါးရှိကြောင်း၊ ကင်ဆာရောဂါဖြစ်ပွားသူဦးရေမှာ နှစ်စဉ် နှစ်သိန်းနီးပါး တိုးပွားလျက်ရှိကြောင်း ယူအင်ဘီ ပုဂ္ဂလိက သတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ် ကင်ဆာရောဂါ တိုက်ဖျက်ရေးလှုပ်ရှားသူများ အဖွဲ့ချုပ်က စီစဉ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကင်ဆာရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ အေဘီအမ်အက်ဖာကာရင်းက အထက်ပါအတိုင်း ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကင်ဆာရောဂါဖြစ်ပွားနှုန်းမှာ လက်ရှိနှုန်းအတိုင်း ဆက်လက်ဖြစ်ပွားနေလျှင် လာမည့်နှစ် ၂၀အတွင်း ကင်ဆာရောဂါဖြစ်ပွားသူ သန်း ၂၀ ရှိလာမည်ဖြစ်ကြောင်း ကာရင်းက ပြောကြား သည်။

ပြောကြား

ဆေးရွက်ကြီးနှင့် ယင်းမှထုတ်လုပ်သည့် ဆေးလိပ်၊ ဆေးတံဆေးစသည်တို့ကို အသုံးပြုခြင်း၊ မျှတသည့်အတိုင်း အစားအစာ ချင့်ချိန်စားသုံးမှု မရှိခြင်းနှင့် ကိုယ်လက်လှုပ်ရှား ကျန်းမာရေးလေ့ကျင့်ခန်း ပုံမှန်မပြုလုပ်ခြင်းတို့မှာ ကင်ဆာရောဂါ ဖြစ်ပွားရခြင်း၏ အဓိက အကြောင်းရင်းများဖြစ်ကြောင်း၊ ယင်းအကြောင်းရင်းများကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများဆုံးတွေ့ရလေ့ရှိကြောင်း ၎င်းက ဆက်လက် ပြောကြား သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ ဟိုက်ဒြာဘတ်မြို့၌ ပြသထားသော အာကာသဆိုင်ရာ ပြပွဲမှ ပြကွက်တစ်ကွက်ကို စက်တင်ဘာ ၂၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘရာဇီးရှိ အမေရိကန်လုပ် မော်တော်ယာဉ်စီးရေ ၂၉၀၀၀ ပြန်သိမ်းမည်

ရီယိုဒီဂျနေရိုး စက်တင်ဘာ ၂၆

ဘရာဇီးနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီမှ ဩဂုတ်လအတွင်း ထုတ်လုပ်သည့် မော်တော်ယာဉ် စီးရေ ၂၉၀၀၀ အား ပြန်လည်သိမ်းဆည်းမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံရှိ အမေရိကန် မော်တော်ယာဉ်ကုမ္ပဏီ ဂျင်နရယ်မော်တာ (ဂျီအမ်)၏ ကုမ္ပဏီခွဲက စက်တင်ဘာ ၂၄ ရက်က ပြောကြားသည်။

မော်တော်ယာဉ် မောင်းနှင်စဉ် မော်တော်ယာဉ် ကိုယ်ထည်နှင့် ဝင်ရိုးဆက်သွယ်ပေးသည့် ဆိုင်းထိန်းစနစ်နှင့် ထိုင်ခုံများတွင် ဝက်အူတပ်ဆင်ရာ၌ ချို့ယွင်းချက်ရှိကြောင်း ကုမ္ပဏီက ပြောကြားသည်။

ဇန်နဝါရီ ၁၉ရက်မှ မေ ၁၇ရက်အတွင်း ထုတ်လုပ်သည့် ကော်ဆာ၊ မာရီဗာနှင့် မွန်တာနာ မော်တော်ယာဉ်အမျိုးအစားနှင့် ဇူလိုင် ၃၀ရက်မှ ဩဂုတ် ၃၁ရက်တွင် ထုတ်လုပ်သည့် ကရူးကတ် အက်စ်–၁၀နှင့် အက်စ် ယူဗီ ဘလာဇာ မော်တော်ယာဉ် အမျိုးအစားများသည် ပြန်လည်သိမ်းဆည်းမည့် စာရင်းတွင် ပါဝင်ကြောင်း ဂျီအမ်ကုမ္ပဏီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ဆန္ဒပြသူများအား လူစုခွဲရန် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များက လက်ကိုင်တုတ်များဖြင့် ရိုက်နှက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာ၌ ဆန္ဒပြမှုဖြစ်ပွား

ဒါကာ စက်တင်ဘာ ၂၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ စက်တင်ဘာ ၂၃ရက်က မဂ္ဂဇင်းတစ်ခုတွင် ဖော်ပြထားသော ကာတွန်းပုံတစ်ပုံနှင့်ပတ်သက်ပြီး မကျေနပ်မှုများဖြစ်ကာ ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိကြောင်း အင်တာနက် သတင်းတစ်ရပ်၌ဖော်ပြသည်။

ဆန္ဒပြ

အဆိုပါကာတွန်းပုံမှာ ဘာသာရေးအရ လွဲမှားစွာ အဓိပ္ပာယ် သက်ရောက်စေသည်ဖြစ်ရာ ယင်းကိစ္စနှင့်ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ်အစိုးရက အရေးယူဆောင်ရွက်ပေးရန် တောင်းဆို ဆန္ဒပြမှုဖြစ်ပွားခြင်းဖြစ်သည်။

ထိုဆန္ဒပြမှုမှတစ်ဆင့် နိုင်ငံရေးပါတီအဖွဲ့အစည်းများကလည်း ပါဝင်ဆန္ဒပြခဲ့ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း လွတ်လပ်မှုပိုမိုရရှိရေးအတွက် ကြွေးကြော် ဆန္ဒပြခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရအနေဖြင့် အဆိုပါ သံသယဖြစ်စေသည့် ကိစ္စနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား အရေးယူမှုများပြုလုပ်ရန် ဆန္ဒပြသမားများက ဒါကာမြို့လမ်းများပေါ်တွင် ချီတက်ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

တောင်းဆို

စက်တင်ဘာ ၂၃ရက်မှစတင်ဖြစ်ပွားသော အဆိုပါဆန္ဒပြမှုများမှာ စက်တင်ဘာ ၂၆ရက်အထိ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး အခြားတောင်းဆိုမှုများပါ ဆက်လက်တောင်းဆိုလာခဲ့ကြသည်။

ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ရန် စီစဉ်လျက်ရှိကြောင်း သိရပြီး အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အင်တာနက်။

အီရတ်တွင် ကန်တပ်ဖွဲ့ဝင် သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၆

အီရတ်နိုင်ငံ ဆာလာဟူဒင်ပြည်နယ်၌ ဖြစ်ပွားသော ပစ်ခတ်မှုတစ်ခုအတွင်း ရရှိခဲ့သော ဒဏ်ရာကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်က စက်တင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

အဆိုပါ အမေရိကန် တပ်ဖွဲ့ဝင်မှာ လျှပ်တစ်ပြက် တိုက်ခိုက်ရေးတပ်ဖွဲ့မှဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်၌ ဆန့်ကျင်ဆန္ဒပြ၊ ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီး

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၇

ပါကစ္စတန်နိုင်ငံတွင် ပြည်တွင်း အထွေထွေမကျေနပ်မှုများကြောင့် ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိရာ ဆန္ဒပြသူများအား ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်များက ဟန့်တားမှုများကြောင့် ပဋိပက္ခများဖြစ်ပွားလျက်ရှိကြောင်း ပါကစ္စတန်မီဒီယာများ၌ စက်တင်ဘာ ၂၆ ရက်ကဖော်ပြသည်။

ရာပေါင်းများစွာသော ဆန္ဒပြသမားများသည် ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့ရှိ လမ်းများတစ်လျှောက် ကြွေးကြော်သံများ အော်ဟစ်ကာ အလံများ၊ စာတန်းများနှင့် ပိုစတာများ ကိုင်ဆောင်ကာ လှည့်လည်ဆန္ဒပြခဲ့ကြသည်။

ပါကစ္စတန်အစိုးရအား ဆန္ဒပြသူများကို ရဲတပ်ဖွဲ့ဝင်များက ဟန့်တားမှုများ ပြုလုပ်ပြီး ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ဒါဇင်များစွာသော ဆန္ဒပြသမားများ ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။

ဆန္ဒပြသမားများက အမေရိကန်နှင့် ပူးပေါင်းသူများသည် သစ္စာဖောက်များဖြစ်သည်ဟု အော်ဟစ်ကြွေးကြော်ခဲ့ကြသည်။ ထိုသို့ဆန္ဒပြခဲ့ရာတွင် နိုင်ငံရေးပါတီများကလည်း ပါဝင်ပြသခဲ့ကြရာ ရဲတပ်ဖွဲ့ဝင်များက ပိတ်ဆို့ဟန့်တားဖမ်းဆီးမှုများဆက်လက်ပြုလုပ်ခဲ့သည်။

အဆိုပါ ဆန္ဒပြမှုများမှာ ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့အပြင် လာဟိုးမြို့နှင့် အခြားမြို့များတွင်လည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အင်တာနက်။

အီရန်နိုင်ငံက ကာကွယ်ရေးမူဝါဒများကို ထိန်းသိမ်းနေမည်သည့်နိုင်ငံကိုမှ တိုက်ခိုက်မည်မဟုတ်ဟု သမ္မတပြောကြား

နယူးယောက် စက်တင်ဘာ ၂၆

အီရန်နိုင်ငံသည် ကာကွယ်ရေးမူဝါဒကို ထိန်းသိမ်းလျက်ရှိကြောင်း၊ အစ္စရေးအပါအဝင် မည်သည့်နိုင်ငံကိုမျှ အီရန်က တိုက်ခိုက်မည်မဟုတ်ကြောင်း အီရန်သမ္မတမာမွတ်အာမက်ဒီနဲဂျက်က စက်တင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

အီရန်နိုင်ငံသည် မည်သည့်နိုင်ငံကိုမျှ တိုက်ခိုက်မည် မဟုတ်ကြောင်း၊ ပိုင်နက်နယ်မြေ ချဲ့ထွင်မှုမျိုးလည်း ပြုလုပ်မည် မဟုတ်ကြောင်း အာမတ်ဒီနဲရတ်နှင့် တွေ့ဆုံမေးမြန်းချက်ကို ကိုးကား၍ အေပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဆွေးနွေးလို

အီရန်နှင့်စစ်ပွဲဖြစ်ပွားရန် အမေရိကန်နိုင်ငံက ပြင်ဆင်လျက်ရှိကြောင်း သတင်းများထွက်လာသည်။ အဆိုပါ သတင်းထွက်လာပြီး အီရန်သမ္မတက မိမိသည်စစ်ပွဲဖြစ်မည်ဟု မမြင်ကြောင်း၊ ကမ္ဘာ့ရေးရာ ပြဿနာများကို အမေရိကန် သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်နှင့် ဆွေးနွေးလိုကြောင်း အီရန်သမ္မတက တောင်းဆိုခဲ့သည်။

ကုလသမဂ္ဂ အထွေထွေညီလာခံ ဆွေးနွေးပွဲပြင်ပတွင် ဘုရှ်နှင့်အာမတ်ဒီနဲရတ်တို့ ဆွေးနွေးပွဲပြုလုပ်မည့် အစီအစဉ်မရှိကြောင်းပြီးခဲ့သည့်ရက်သတ္တပတ်က အိမ်ဖြူတော်က ငြင်းဆိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ မြောက်ပိုင်း ကျီလင်ပြည်နယ်စီပန်အရပ်ရှိပျားမွေးမြူရေးသမားဟူဒေါင်မင်း၏ ကိုယ်ပေါ်၌ ပျားများနားနေသည်ကို စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယာဉ်မမောင်းရနေ့ ဖင်လန်၌ ပြုလုပ်

ဟယ်ဆင်ကီ စက်တင်ဘာ ၂၅

ဖင်လန်နိုင်ငံ မြို့တော်ဟယ်ဆင်ကီတွင် စက်တင်ဘာ ၂၂ ရက်က ယာဉ်မမောင်းရနေ့ အထိမ်းအမှတ်အဖြစ်လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်။ မြို့လယ်ကောင်၌ ယာဉ်များပိတ်ဆို့မှု လျော့ပါးရေးနှင့် အများပြည်သူများ သွားလာရေးအဆင်ပြေရန် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

လျှော့ချပေး

ယင်းနေ့တွင် နံနက် ၉ နာရီမှ ည ၇ နာရီအထိ မြို့လယ်ကောင်ရှိ အဓိကလမ်းမကြီး နှစ်လမ်းကို ယာဉ်သွားလာမှုပိတ်ပင်ခဲ့ပြီး ဘတ်စ်ကားစီးနင်းသူများကိုလည်း ယာဉ်စီးခနှုန်းထား လျှော့ချပေးခဲ့သည်။

လှုံ့ဆော်

ပတ်ဝန်းကျင် ထိန်းသိမ်းမှု လှုပ်ရှားရေးအဖွဲ့ကလည်း လမ်းများပေါ်တွင် မော်တော်ယာဉ်များဖြင့် သွားလာခြင်းကို ရှောင်ရှားခဲ့ကြပြီး လမ်းလျှောက်ခြင်းသို့မဟုတ် စက်ဘီးစီးနင်းခြင်းကို လုပ်ဆောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဆောင်ရွက်ကြရန် လှုံ့ဆော်ကြသည်။ ယာဉ်မသုံးစွဲရနေ့ လှုပ်ရှားမှုကို ၁၉၉၈ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ပြင်သစ်နိုင်ငံက စတင်လှုပ်ရှားဆောင်ရွက်ခဲ့သည်။ ယခုအခါ ကမ္ဘာတစ်ဝန်းရှိ မြို့ပေါင်း ၁၅၀၀ ကျော်တွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ယာဉ်မသုံးစွဲရနေ့ လှုပ်ရှားမှုကို ပြုလုပ်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ထိုင်းတောင်ပိုင်းတွင်ကျောင်းဆရာတစ်ဦးအား သောင်းကျန်းသူများကပစ်သတ်

ဗန်ကောက် စက်တင်ဘာ ၂၆

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် သောင်းကျန်းသူများက မူလတန်းပြ ဆရာတစ်ဦးကို အင်္ဂါနေ့က သေနတ်ဖြင့် ပစ်သတ်သွားကြောင်း ဒေသခံမီဒီယာသတင်းများက ဖော်ပြသည်။

ရာဒန်ခရိုင် မူဆိုတန်ကျောင်းမှ ဆန်ချိုကဲတည်ကောင်ကတန်အမည်ရှိ အသက် ၃၉ နှစ်အရွယ် တတိယတန်းပြ ကျောင်းဆရာတစ်ဦး နံနက် ၇ နာရီ မိနစ် ၄၀တွင် သေနတ်ဖြင့် ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းကျောင်းဆရာသည် ကျောင်းသို့သွားရန် ကျောင်းကားကို စောင့်နေစဉ် ပစ်ခတ်ခံရခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ကျောင်းများကို မီးရှို့ခြင်း၊ ကျောင်းဆရာများကို အန္တရာယ်ပေးခြင်း၊ ဗုံးဖောက်ခွဲခြင်းစသည့် မငြိမ်သက်မှုများ ပေါ်ပေါက်လျက်ရှိသည်။ ထိုအခြေအနေကြောင့် ကျောင်းဆရာ၊ ဆရာမများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါစောင့်ရှောက်ပေးနေရသည်။

ဆန်ချိုကဲအမည်ရှိ ကျောင်းဆရာကို သောင်းကျန်းသူများဟု ယူဆရသည့် လက်နက်ကိုင် သုံးဦးကပစ်ခတ်သွားခြင်းဖြစ်သည်။ လေးနှစ်နီးပါးကြာမျှ ဖြစ်ပေါ်နေသော အဆိုပါ မငြိမ်သက်မှုကြောင့် ထိုင်းတောင်ပိုင်း၌ သေဆုံးသူဦးရေမှာ ၂၄၀၀ ကျော်သွားပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျာမနီနိုင်ငံ တောင်ပိုင်း မြူးနစ်မြို့ လေဆိပ်တွင် ပြသထားသည့် သံလိုက် အမြန်ရထားပုံတူကို စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် NLD ပါတီဝင်က အရှေ့ကျောင်းပရိယတ္တိစာသင်တိုက်မှ ကျောင်းထိုင်ဆရာတော်အား ဆူပူဆန္ဒပြမှုတွင်ပါဝင်ရန် စည်းရုံး ဆရာတော်နှင့် ကျောင်းရှိ သံဃာများက လက်မခံသဖြင့် ပြန်ထွက်သွားရ

နေပြည်တော် စက်တင်ဘာ ၂၇

စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ကချင်ပြည်နယ် မိုးညှင်းမြို့ အရှေ့ကျောင်း ပရိယတ္တိစာသင်တိုက်သို့ NLD ပါတီမှ ရွေးချယ်ခံကိုယ်စားလှယ် ဦးကျော်မောင် ရောက်ရှိလာပြီး ကျောင်းထိုင်ဆရာတော် ဦးဇယံသနှင့် သံဃာအချို့အား ဆူပူဆန္ဒပြတန်းစီလမ်းလျှောက်ရာတွင် ပါဝင်ရန် စည်းရုံးလျှောက်ထားခဲ့သည်။

လက်မခံနိုင်

သို့ရာတွင် ဝိနည်းတော်နှင့်အညီ သီတင်းသုံးနေထိုင်လျက်ရှိသော ကျောင်းထိုင်ဆရာတော် ဦးဇယံသက မိမိတို့ကျောင်းမှ မိမိအပါအဝင် သံဃာများအနေဖြင့် ဤသို့မလုပ်နိုင်ကြောင်း၊ ၈၈ အရေးအခင်းမှာကဲ့သို့ အမည်းစက် အတင်မခံနိုင်ကြောင်း၊ မိမိကျောင်းတိုက်မှ သံဃာများအား ခုတုံးလုပ်အသုံးချမခံနိုင်ကြောင်း၊ ကျောင်းတိုက်အတွင်း သာသနာ့ဗိမာန်နှင့် ဆေးခန်းဆောက်လုပ်စဉ်ကလည်း NLD က ပါဝင်ကူညီမှုမရှိခဲ့ဘဲ သက်ဆိုင်ရာကသာ ဝိုင်းဝန်းဆောင်ရွက်ကူညီပံ့ပိုးခဲ့ကြောင်း၊ NLD အနေဖြင့် ရပ်ရွာအကျိုး၊ သာသနာအကျိုးကိစ္စများတွင် ပါဝင်ကူညီမှု လုံးဝမရှိခဲ့ဘဲ ယခုကဲ့သို့ ရပ်ရွာတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် စည်းရုံးဆောင်ရွက်လာသည်ကို လက်မခံနိုင်ကြောင်း တင်းမာပြတ်သားစွာ ပြန်လည်ပြောကြားခဲ့သဖြင့် ဦးကျော်မောင်မှာ ပြန်လည်ထွက်သွားခဲ့သည်။

မိုးညှင်းမြို့ အရှေ့ကျောင်း ပရိယတ္တိစာသင်တိုက်တွင် စာသင်သံဃာအပါး ၁၀၀ ကျော်ရှိပြီး သံဃာများ ဆူပူဆန္ဒပြမှုတွင် တစ်ပါးမျှ ပါဝင်ပတ်သက် လှုပ်ရှားမှုမရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အတွင်းဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများ လက်ရှိဖြစ်ပေါ်နေသော ဆူပူအုံကြွမှုများနှင့် ပတ်သက်၍ သက်ဆိုင်သူ လေးဦးအား ခေါ်ယူစစ်ဆေးမေးမြန်းလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၇

နိုင်ငံတော်အတွင်း ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများနှင့် လက်ရှိဖြစ်ပေါ်နေသော ဆူပူအုံကြွမှုများနှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းရန်လိုအပ်သဖြင့် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှပေ၊ NLD သတင်းနှင့် ပြန်ကြားရေးအဖွဲ့ဝင် ဦးမြင့်သိန်း၊ တရားမဝင် ဖွဲ့စည်းထားသော CRPP အဖွဲ့ဝင်များဖြစ်ကြသော ဖျက်သိမ်းပြီးဖြစ်သည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးထောင်ခိုထန်းနှင့် ဇိုမီး အမျိုးသားကွန်ဂရက်မှ ဦးပုကျင့်ရှင်းထန်တို့ လေးဦးအား စက်တင်ဘာ ၂၆ ရက်တွင် သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးမေးမြန်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆူပူဆန္ဒပြသူများ၏ မမှန်မကန် သတင်းထုတ်လွှင့်ကာ လုပ်ကြံဖန်တီးမှုကြောင့် သံဃာနှင့် လူအင်အား (၅၀) ခန့်က ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်၏နေအိမ်သို့ ဝိုင်းဝန်းရန်ပြုရန် ကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၂၇

ယနေ့ဖြစ်ပေါ်နေသော ဆန္ဒပြဆူပူမှုများတွင် ပါဝင်နေသူများသည် ဆူပူဆန္ဒပြခြင်းသာမက ပြည်သူလူထုအား အကြမ်းဖက်၊ ခြိမ်းခြောက်မှုများကိုပါ လုပ်ဆောင်လျက်ရှိရာ စက်တင်ဘာ ၂၆ ရက် ညနေ ၄ နာရီခန့်က ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ထူး နေထိုင်ရာ အမှတ်(၁၆)၊ အာဇာနည်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်ရှိ နေအိမ်သို့ သံဃာငါးပါးမှ လာရောက်စုံစမ်းကြောင်း၊ ဤသို့စုံစမ်းမှုအား ဦးအောင်ထူး၏မိတ်ဆွေတစ်ဦးက ဦးအောင်ထူးထံ ဆက်သွယ်အကြောင်းကြားသဖြင့် ဦးအောင်ထူး၏ ဇနီးနှင့် သားသမီးငါးဦးအား အခြားတစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်စေခဲ့သည်။

စက်တင်ဘာ ၂၆ ရက် ည ၈ နာရီခန့်တွင် ဦးအောင်ထူး၏ နေအိမ်သို့ တုတ်၊ ဓားများကိုင်ဆောင်ထားသည့် သံဃာနှင့်လူပုဂ္ဂိုလ်ပေါင်းအင်အား (၅၀)ခန့် ရောက်ရှိပြီး ဦးအောင်ထူးအား ရှာဖွေခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်အား ရပ်ကွက် ပြည်သူနှင့် သက်ဆိုင်ရာ အာဏာပိုင်များက လုံခြုံရေးတပ်ဖွဲ့ဝင်များထံ သတင်းပို့ အကြောင်းကြားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာသဖြင့် အဆိုပါ အကြမ်းဖက်အုပ်စုမှာ လူစုကွဲသွားကြောင်း သိရသည်။

ဆောင်ရွက်ခဲ့

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ သိရသည်မှာ ၁၉၉၅ခုနှစ်က ရန်ကုန်တိုင်း NLD ပါတီ လူငယ်ခေါင်းဆောင် မျိုးမင်းဇော် ပြစ်မှုကျူးလွန်ခြင်းကြောင့် အဖမ်းခံခဲ့ရခြင်းကို မကျေနပ်သဖြင့် ၎င်း၏ အစ်မနှင့် ညီမ ဖြစ်ကြသော မဆွေဆွေခိုင်နှင့် ယခု ဆူပူအကြမ်းဖက်မှုတွင်လည်းပါဝင်နေသော မရီရီလှိုင်တို့က ၎င်းတို့၏ အစ်ကို ပြစ်ဒဏ်ကျခံရခြင်းနှင့် ပတ်သက်၍ ဦးအောင်ထူးအား မကျေနပ်သဖြင့် ဆန္ဒပြသံဃာများအား ရိုက်နှက်ရာတွင် ဦးအောင်ထူး ပါဝင်သည်ဟု ရပ်ကွက်အတွင်း မဟုတ်မမှန်လုပ်ကြံသတင်းဖြန့်ခြင်းကြောင့် ယခုကဲ့သို့ လာရောက်ဝိုင်းဝန်းရှာဖွေရန်ပြုရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆန္ဒပြဆူပူမှုများတွင် လူထုပါဝင်သယောင် ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် လူအင်အားများပြားစေရန် NLD ပါတီက အခကြေးငွေပေး၍ နေ့စားလူငှားများ ထည့်သွင်းဖန်တီးဆောင်ရွက် မြို့နယ်အသီးသီးတွင် တွေ့ဆုံမေးမြန်းခန်းများပြုလုပ်၍ မမှန်သတင်းများ လုပ်ကြံဖန်တီးထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်မှုများရှိနေ

နေပြည်တော် စက်တင်ဘာ ၂၇

စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့ မြသိန်းတန်ကျောင်းတိုက်တွင် သံဃာ ၁၀၀ခန့် စုစည်းခဲ့ကြပြီး မွန်းလွဲ ၁နာရီမှစ၍ ဇီးကုန်းမြို့ ဘုရားလမ်း၊ ကုန်သည်လမ်း၊ စည်ပင်လမ်း၊ ဈေးလမ်း အစရှိသော မြို့တွင်းလမ်းများအတိုင်း စီတန်းလှည့်လည်ခဲ့ကြကြောင်း၊ သံဃာများနောက်မှနေ၍ မြို့နယ် NLD မှ ဒေါ်ခင်ဝိုင်း အပါအဝင် NLD ပါတီဝင် ရှစ်ဦးခန့်နှင့် အရပ်သား ၁၁ ဦးခန့် လိုက်ပါပြီး ကြွေးကြော်သံများ ဟစ်အော်၍ လည်းကောင်း၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း လိုက်ပါခဲ့ကြကြောင်း သိရသည်။

၎င်းအဖွဲ့သည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် လူစုခွဲ၍ သံဃာများမှာ မြသိန်းတန်ကျောင်းတိုက်အတွင်းသို့ ပြန်လည်ဝင်ရောက်သွားကြသည်။ ဤသို့ NLD ပါတီဝင်များနှင့်အတူ လိုက်ပါလမ်းလျှောက်ခဲ့သည့် အရပ်သား ၁၁ဦးခန့်မှာ မြို့နယ် NLD မှ နေ့စားဖြင့် အခကြေးငွေပေးပြီး ငှားရမ်းအော်ဟစ်ခိုင်းသောသူများသာဖြစ်ကြောင်း၊ ယခုဖြစ်ပွားနေသော ဆူပူဆန္ဒပြမှုများတွင် ပြည်သူလူထုက ပါဝင်သယောင်ဖန်တီးနိုင်ရေးအတွက် NLD ပါတီအနေဖြင့် ယခုကဲ့သို့ အခကြေးငွေပေး၍ လူငှားဖန်တီးကာ လုပ်ကြံဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၂၄ ရက် ည ၈ နာရီ မိနစ် ၄၀ ခန့်က ထိုင်းနိုင်ငံ အခြေစိုက် ဧရာဝတီသတင်းဌာနမှ ကိုသက်ဆိုသူနှင့် အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး ပေါင်းသုံးဦးတို့သည် မကွေးတိုင်း အောင်လံမြို့ စမ်းချောင်းရပ်ကွက် ဇေယျာသုခဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးဒေဝိန္ဒထံသို့ ရောက်ရှိလာပြီး ကိုသက်ဆိုသူက ၎င်း၏ ဝန်ထမ်းကတ်ထုတ်ပြကာ အတူပါလာသည့် အမျိုးသမီးက အသံဖမ်းစက် ကိုင်ဆောင်အသုံးပြု၍ ဆရာတော်မှာ အောင်လံမြို့နယ် သံဃနာယက စည်းကမ်း ထိန်းသိမ်းရေး အတွင်းရေးမှူး ဟုတ်-မဟုတ်၊ စက်တင်ဘာ ၁၇ ရက်က အောင်လံမြို့နယ်အတွင်းရှိ သံဃာများစုပေါင်း၍ ကံဆောင်သပိတ်မှောက်မည့်ကိစ္စကို ပိတ်ဆို့တားဆီးလိုက်သည်ဆိုသည်မှာ မှန်၊မမှန်၊ နိုင်ငံတော်အတွင်း သံဃာများ ကံဆောင်သပိတ်မှောက်ခြင်းနှင့်ပတ်သက်၍ ဆရာတော်၏ ထင်မြင်ချက်တို့ကို မေးမြန်းခဲ့ကြောင်း သိရသည်။

ဤသို့မေးမြန်းမှုအပေါ် ဆရာတော်ကြီးက ပြန်လည်မိန့်ကြားရာတွင် မြို့နယ်သံဃနာယက စည်းကမ်းထိန်းသိမ်းရေး အတွင်းရေးမှူး ဟုတ်မှန်ကြောင်း၊ စက်တင်ဘာ ၁၇ ရက်တွင် အောင်လံမြို့နယ်အတွင်းရှိ သံဃာများနှင့် ပြုလုပ်မည့် ဝါပကာလဆွမ်းလောင်းလှူနိုင်ရေး ဖိတ်ကြားထားသည့် အစည်းအဝေးအား နာယက ဥက္ကဋ္ဌဆရာတော် ကျန်းမာရေးမကောင်းသဖြင့် ရွှေ့ဆိုင်းလိုက်ခြင်းသာဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေနှင့် ပတ်သက်၍ မိမိမည်သို့မျှ မထင်ကြောင်းနှင့် မိမိတို့ကျောင်းအနေဖြင့်လည်း သပိတ်မှောက်ရန် မလိုကြောင်း၊ လုပ်လည်းလုပ်မည်မဟုတ်ကြောင်းဖြင့် မိန့်ကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆရာတော်ကြီးက ၎င်းအဖွဲ့အား မည်သည့်နေရာတွင် တည်းခိုသည်ကို မေးမြန်း၊ ၎င်းအဖွဲ့က မြို့နယ်အသီးသီးတွင် လှည့်လည်သတင်းယူနေသော အဖွဲ့ဖြစ်ကြောင်းနှင့် တောင်တွင်းကြီးမြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း ပြောဆိုလျှောက်ထားပြီး ည ၉ နာရီ ၁၀ မိနစ်ခန့်တွင် ပြန်လည်ထွက်ခွာသွားသည်။

ဤသို့ ငွေကြေးပေးစည်းရုံးကာ ဆူပူမှုတွင် ပါဝင်စေခြင်း၊ ပြည်ပသတင်းဌာနများက ငွေကြေးဖြင့် စေခိုင်းထားသူများက ဒေသအသီးသီးသို့ လှည့်လည်သတင်းယူကာ မမှန်သတင်းများ ထုတ်လွှင့်ဝါဒဖြန့်ခြင်းများရှိနေသဖြင့် ပြည်သူလူထုအနေဖြင့် သတိပြုကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၉-၂၀၀၇ (သောကြာနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"ကျေးဇူးသိပါကလေးရယ်"တရားတော် (ဆရာတော် အရှင်ဆန္ဒာဓိက)
၈း၀၀-၂း၀၀	စိတ်ပညာကိုအခြေပြု ဘဝရဲ့တိုးတက်မှု
၈း၂၀-၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅-၂း၂၅	Myanmar Video Rhythm
၈း၅၅-၂း၅၅	မျက်စိအတွင်းတိမ် ရေတိမ်ရောဂါအကြောင်းသိကောင်းစရာ (ဒေါက်တာထွန်းအောင်ကျော်)
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	ယနေ့သိပ္ပံနှင့် နည်းပညာ
၉း၄၀-၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅	ကွန်ချောင်းရေလှောင်တမံ
၉း၅၅-၃း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀-၄း၀၀	ဖွံ့ဖြိုးဝေစည်ရေတာရှည်
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	အနုပညာရပ်ဝန်းမှပွဲတင်သံများ Main Street (Graphic Art) ပန်းချီပြပွဲ
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀-၄း၄၀	သီးနှံစိုက်ပျိုးအထွက်တိုး ပိုးသတ်ဆေးများကို အကျိုးရှိရှိထိရောက်အောင်သုံးစွဲနည်း
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	သူတို့ပြောတဲ့သူတို့အကြောင်း (ခေမီကိုအကအဖွဲ့နှင့်တွေ့ဆုံခြင်း)
၁၁း၁၅-၅း၁၅	မြန်မာ့အိုး
၁၁း၂၅-၅း၂၅	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားနှင့်ဝတ်မှုန်ကူးခြင်း)
၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀	Diploma Guide (International Diploma in Networks and Cybersecurity အကြောင်း သိကောင်းစရာ)
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	"စိတ်"မှစတဲ့ သုံးထပ်ကွမ်းအကယ်ဒမီဆုရှင် ဝါဝါဝင်းရွှေ
၁၂း၃၀-၆း၃၀	Yangon Panorama (Opening Ceremony of ipstar Repair Service Center Myanmar
၁၂း၅၀-၆း၅၀	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

၂၀၀၇ ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု မော်လမြိုင်ဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ (ခ)အုပ်စု ပုသိမ်ဇုန်၌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ်အသင်းကို ၁၁ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဂ)အုပ်စု မုံရွာဇုန်၌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းက တြိဂံဒေသတိုင်း စစ်ဌာနချုပ်အသင်းကို ၁၀ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊(ဃ)အုပ်စု မန္တလေးဇုန်၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်အသင်းကို ၁၂ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (င)အုပ်စု တောင်ငူဇုန်၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၁၉) ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၂၇

ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၁၉) အောက်တိုဘာ ၁ ရက်ထုတ်ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် မြေဆီလွှာလည်းပြုပြင် ဝင်ငွေလည်းရ ကုလားပဲစိုက်ကြ၊ အစေ့ထုတ်ပြောင်း ပန်းတိုင်အထွက်နှုန်းရရှိရန်၊ စပါးရိတ်သိမ်းချိန် ခန့်မှန်းခြင်း၊ သီးနှံများမဖြစ်ထွန်းသော မြေကို အသုံးချနည်း၊ ပြုပြင်ပြောင်းလဲတော့မည့် မလေးရှားနိုင်ငံ၏ ဆန်စပါးကဏ္ဍ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ဒို့ကျေးရွာ ကျွဲမွေးမြူရေး၊ အိုင်တူးတန်ခိုးနှင့် ဝင်ငွေတိုး စသည့် မွေးမြူရေးဆောင်းပါးများ၊ ဆေးဖက်ဝင်လေးညှင်း၊ ဆင်မှပေးသော ဆေးဖက်ဝင်ပစ္စည်းများ၊ ဆယ်ကျော်သက်အရွယ်များ ကိုယ်အလေးချိန် မတိုးစေရန်၊ အစာကြေလေနိုင်တဲ့ ရက္ခမူဆားအမြဲ ဆောင်ထား စသည့် ကျန်းမာရေးဆောင်းပါးများ၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် အပြန်အလှန် အကျိုးပြုမှု၊ မြို့ပြနှင့်ကျေးလက်၊ သဘာဝနှင့် တို့နိုင်ငံ၊ စစ်ကိုင်းမြို့မှ နာမည်ကျော်ကြား ကြိမ်ထည်လက်ရာများ စသည့် အသိပညာပေးဆောင်းပါးများနှင့် ငဘ၊ လုပ်ရတော့ညာလက် ရွှေဝတ်ရတော့ ဘယ်လက် စသည့် ဝတ္ထုတိုအပြင် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများဖြင့် သုတ၊ ရသစုံလင်စွာ ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင် စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ် ၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂/၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၃၄၀နှင့် ၃၇၁၃၄၂သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၉-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၇း၅၀ ၅။ အကပြိုင်ပွဲ
- ၈း၀၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၁၅ ၇။ အတီးပြိုင်ပွဲ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ English for Everyday Use..
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)
- ၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅း၀၀ ၅။ မြန်မာစာ၊မြန်မာစကား
- ၅း၁၅ ၆။ နှောင်းခေတ်တေးပဒေသာ
- ၅း၃၀ ၇။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင်ဒုတိယတန်းအဆင့်) (အမျိုးသမီး)
- ၅း၄၅ ၈။ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ(ဂူရှူး)
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇း၀၀ ၁၂။ ဆောင်းပါးရှင် ဦးဆွေ(ဗဟန်း)၏ "ဆူနာမီရယ်၊ မတ်တဲလ်ရယ်၊ မိုးလုံးပြည့်မုသာဝါဒတွေရယ်
- ၇း၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးတတိယချစ်ပုံပြင်" (အပိုင်း-၆)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေးတဝဲလည်လည်" (အပိုင်း-၂၀)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ယနေ့မြန်မာ့နိုင်ငံရေးမြင်ကွင်းမှ အမှန်နှင့်အမှားများ (၃)

ပြီးခဲ့တဲ့ အပိုင်း(၂)မှာ ကျွန်တော်တို့ မြန်မာ့နိုင်ငံရေးမြင်ကွင်းထဲမှာ အဖျက်အမှောင့်လုပ်နေတဲ့ ပေါင်းပင်၊ မြက်ပင်တွေအကြောင်း ပြောခဲ့ပြီး ပါပြီ။ ဒါပေမယ့် ဒီပေါင်းပင်တွေဟာ သူတို့ချည်းပဲဆိုရင် ရှင်သန်နိုင်စွမ်း မရှိပါဘူး။ ဒီအသေးအမွှား ပေါင်းပင်တွေကို ရေလောင်းပေါင်းသင်နဲ့ ယုယပြီး မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ အမှိုက်ရှုပ်တွေရှင်သန်နေအောင် ဖန်တီးပေးနေကြတာက ပြည်ပြေးတွေနဲ့ သူတို့ရဲ့အနောက်ဆရာကြီးတွေ ပါပဲ။

၈၈ ခုနှစ်နောက်ပိုင်းမှာ ပြည်ပြေးအဖွဲ့တွေဟာ မိုးဦးကျ ဖားတွေ လိုပဲ အပြိုင်းအရိုင်း ပေါ်ထွက်လာခဲ့ပါတယ်။ ပြည်ပြေးအဖွဲ့တွေ လုပ်ကိုင်ပုံ က နှစ်မျိုးရှိပါတယ်။ NCGUB, NCUB, DAB, NLD(LA), AAPP, ENC, FDB, NDD, FTUB, US Campaign for Burma စတဲ့ အမည်အမျိုးမျိုးနဲ့ ဖွဲ့ထားတဲ့ အဖွဲ့တွေက အစိုးရဆန့်ကျင်ရေးတွေကို ပေါ်ပေါ်ထင်ထင်လုပ်နေတဲ့ ပြည်ပြေးအဖွဲ့တွေပါ၊ ပြည်ပြေးလှုပ်ရှားမှုရဲ့ အတွင်းစည်းအမာခံတွေလို့ဆိုရင်လဲ ရပါတယ်။ အဲဒါတွေကို လူ့အခွင့်အရေး၊ ကျန်းမာရေး၊ ပညာရေး၊ အမျိုးသမီးအခွင့်အရေး၊ အလုပ်သမားရေးရာဆိုတဲ့ ခေါင်းစဉ်အမျိုးမျိုးနဲ့ ဖွဲ့စည်းထားတဲ့ Advocacy Groups တွေက အပြင်စည်းအဖြစ် ဝိုင်းရံပါတယ်။ ဒီလို ဖွဲ့စည်းလှုပ်ရှားရတာက ရည်ရွယ်ချက်နဲ့ပါ။ အမေရိကန်တို့၊ ဗြိတိန်တို့လို အစိုးရကိုဆန့်ကျင်တဲ့ အဖွဲ့ဆိုရင် အကြမ်းဖက်တဲ့ ကောင်ရော၊ မဖက်တဲ့ကောင်ရော ကူညီမယ် ဆိုတဲ့ နိုင်ငံများနဲ့ဆိုရင် အတွင်းစည်းအဖွဲ့တွေက ဆက်သွယ်လှုပ်ရှားပါတယ်။ အကြမ်းဖက်မှုကို လက်မခံတဲ့နိုင်ငံများ၊ လူသားချင်း စာနာထောက်ထားမှု အကူအညီကို ဦးစားပေးတဲ့ နိုင်ငံတွေဆိုရင် Advocacy Groups တွေက တစ်ဆင့်ချဉ်းကပ် စည်းရုံးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာပါ။ အမှန်ကတော့ ကုလားကြီးနဲ့ အရာကြီးပါပဲ။ ဖက်ဒရယ်မှုကို အကောင်အထည်ဖော်ဖို့အတွက် ပြည်ပြေးတွေနဲ့ နယ်စပ်က လက်ကျန် သောင်းကျန်းသူတွေ ပူးပေါင်းဖွဲ့ထားတဲ့ တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) အဖွဲ့ရဲ့ ၂၀၀၆ ခုနှစ် အစီရင်ခံစာမှာ ဥရောပသမဂ္ဂနိုင်ငံများကို စည်းရုံးရာတွင် လူသားချင်း စာနာထောက်ထားမှု အကူအညီနှင့် IDP ပြဿနာများကို အခြေခံပြီး စည်းရုံးရန်၊ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ စာတမ်းနှင့် IDP ဆိုင်ရာ စာတမ်းများ ရေးသားတင်ပြရန်လို့ ဖော်ပြထားပါတယ်။ ဒီလိုပဲ အမေရိကန်သို့ ချဉ်းကပ်ရာတွင် မြန်မာ့ အရေးကို လုံခြုံရေးကောင်စီသို့တင်သွင်းရေးနှင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲဖြစ် ရေးကို အခြေခံစည်းရုံးရန်လို့ ဖော်ပြထားပါတယ်။ ဒီဖော်ပြချက်တွေက ခုန ကျွန်တော်ပြောခဲ့တဲ့ မူအရလုပ်နေတာတွေကို ဖော်ပြလိုက်တာပါပဲ။

ဒီပြည်ပြေးအုပ်စုဝင်တွေ အားလုံးဟာ ပြည်တွင်းမှာ တစ်နည်းမဟုတ် တစ်နည်းနဲ့ ဥပဒေကိုချိုးဖောက်ပြီး ထွက်ပြေးနေကြတာပါ။ တချို့ ကျတော့လည်း လူမှုရေး၊ ငွေကြေးပြဿနာတွေကြောင့် နယ်စပ်ထွက်ပြေး ပြီး ဒီမိုကရေစီရေး လှုပ်ရှားသူယောင်ယောင်၊ ဘာယောင်ယောင်နဲ့ လုပ်စား နေကြတာပါ။ ဒါပေမယ့် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို ဒုက္ခပေးဖို့ဆိုရင်တော့ နောက်မတွန့်တဲ့လူတွေပါ။ ပြည်ပမှာရောက်နေတဲ့ ပြည်ပြေးအကောင်းစား များက ဘာကြောင့် အမျိုးသားညီလာခံကို ပျက်စေချင်ရတာလဲ လို့ မေးစရာ ရှိပါတယ်။ မဆိုင်ဘူးလို့လဲ ထင်ချင်စရာပါ။ ဒါပေမယ့် **အမျိုးသားညီလာခံ ပျက်မှ ပြည်ပသြဇာခံအစိုးရတက်ဖို့ အခွင့်အရေးရမယ်။ ဒါမှလည်း သူတို့လို ပြည်ပြေးတွေကို ကျေးဇူးရှင်အဖြစ် အုန်းပွဲ၊ ငှက်ပျောပွဲနဲ့ အကြိုခံရပြီး နိုင်ငံရေးစင်မြင့်ပေါ် ပြန်တက်နိုင်မယ်လို့ ထင်နေတာကိုး။ နောက်ပြီး မြန်မာနိုင်ငံမှာ တပ်မတော်ကခေါင်းဆောင်ပြီး ဒီမိုကရေစီစနစ်ဖော်ဆောင်ဖို့ အရှိန်အဟုန်နဲ့ လုပ်ဆောင်နေပြီဆိုရင် မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် ပေါ်ပေါက်အောင်လုပ်ဖို့ပါဆိုပြီး စီမံချက်တွေတင်၊ ထောက်ပံ့ငွေတွေ ထုတ်ယူနေတဲ့ Proposal Politic ဆိုတဲ့ သူတောင်းစားစီမံကိန်းကြီးကို ဘယ်သူမှ ငွေထုတ်ပေးတော့မှာ မဟုတ်ဘူးလေ။ ဒါဆိုရင် ပေးစာကမ်းစာနဲ့ အသက်ရှင်နေရတဲ့ ပြည်ပြေးတွေ သူတောင်းစား ခွက်ပျောက်ကိန်းဆိုက် ပြီပေါ့။ ဒါ့ကြောင့်လည်း မြန်မာနိုင်ငံမှာ အမျိုးသားညီလာခံကြီး အောင်အောင် မြင်မြင်နဲ့ ပြီးသွားမှာ၊ မူဝါဒလမ်းစဉ်(၇)ရပ်ကို အရှိန်အဟုန်နဲ့ အကောင် အထည်ဖော်သွားမှာကို သေမလောက်ကြောက်ပြီး ညီလာခံပျက်စီးရေးကို လုပ်နေတာပါ။ ဖက်ဒရယ်မှုနဲ့ တိုင်းပြည်ပြိုကွဲရေးကို လုပ်ဖို့ဆုံးဖြတ် ထားတဲ့ လက်ကျန်သောင်းကျန်းသူအဖွဲ့များကလည်း ခိုင်မာတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မှာကို ကြောက်ပါတယ်။ ဘာလို့လဲဆိုတော့ အခု အမျိုးသား ညီလာခံက အတည်ပြုထားတဲ့ အသေးစိတ်အခြေခံရမယ့် မူများအရ ပေါ်ပေါက် လာမယ့် အနာဂတ်နိုင်ငံတော်မှာ တိုင်းရင်းသားတွေဟာ အရင်ဖွဲ့စည်းပုံ အခြေခံဥပဒေများတုန်းကနဲ့စာရင် မနှိုင်းယှဉ်သာလောက်အောင် အခွင့်အရေး တွေ ရတော့မှာကိုး။ ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ** ပြည်နယ်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတွေမှာ၊ အစိုးရအဖွဲ့တွေ၊ လွှတ်တော်တွေမှာ သူတို့လို အဖျက်သမားတွေအတွက်က နေရာ မရှိတော့တာ သေချာနေပါပြီ။ အဲဒီတော့ ဘုန်းကြီးပွဲလည်းမမီ၊ ထီးတင်ပွဲလည်းမမီ ကိန်းဆိုက်နေတဲ့ အကြမ်းဖက်သမားများအတွက်က အမျိုးသားညီလာခံ ပျက်ပြားအောင် ဆောင်ရွက်ရေးကလွဲပြီး ရွေးစရာလမ်းမရှိတော့ဘူးလေ။

ကျော်မင်းလူ(ရွှေပြည်သာ)

အမေရိကန်က ဘာကြောင့် မြန်မာနိုင်ငံမှာ ဝင်စွက်ဖ[...] သြဇာခံအစိုးရတစ်ရပ်ထားနိုင်အောင် ကြိုးစားနေတယ်ဆိုတဲ့[...] ဆိုပြီး မေးခွန်းထုတ်စရာရှိပါတယ်။ ဆိုဗီယက်ပြိုကွဲသွားပြီးတဲ့[...] သူ့ကို ပခုံးချင်းယှဉ်နိုင်မယ့်နိုင်ငံဟာ အာရှကပဲ ပေါ်ထွက်လာ[...] ကမ္ဘာ့မြေပုံကို ကြည့်လိုက်ရင် မြန်မာနိုင်ငံရဲ့ မဟာဗျူဟာအရ[...] တယ်။ အာရှမှာ အချက်အချာကျတဲ့ မြန်မာနိုင်ငံမှာ သူ့သြဇာ[...] နိုင်တဲ့ နိုင်ငံတကာရေးရာတွေမှာ လက်ဦးမှုရရေးအတွက် [...] ဘာဒီမိုကရေစီအခွင့်အရေး၊ ဘာလူ့အခွင့်အရေးအတွက်မှ [...] သက်သက်ပါပဲ။

ဒါ့ကြောင့် ပြည်ပြေးတွေနဲ့ အကြမ်းဖက်သောင်းကျန်းသူတွေပေါင်းပြီး ပြည်တွင်းမှာ ဖောက်ခွဲဖျက်ဆီးမှုတွေ လုပ်ဖို့အတွက် အကြမ်းဖက်သမား တွေကို ပြည်တွင်းလွှတ်မယ်၊ ပြည်တွင်းမှာ ယုဂျီလုပ်ငန်းတွေ လုပ်နေတာကို ငွေကြေးပံ့ပိုးပေးမယ်။ မြန်မာပြည်ကို အခြေအနေတွေ ယိုယွင်းပျက်စီး နေတဲ့ နိုင်ငံအဖြစ် နိုင်ငံတကာ အသိုင်းအဝိုင်းက မြင်လာအောင် အမည် အမျိုးမျိုးနဲ့ ဖွဲ့ထားတဲ့ အဖွဲ့အစည်းတွေအမည်နဲ့ အစီရင်ခံစာတွေ တင်ပြမယ်ဆိုတဲ့ လုပ်ငန်းတွေကို အကွက်ချပြီးလုပ်နေတာပါ။ ဒါ့အပြင် ပြည်တွင်းက ပုဆိန်ရိုးများကိုလည်း နိုင်ငံတကာက ဒီမိုကရေစီ သူရဲကောင်းကြီး တွေအဖြစ် မြင်လာအောင် ပုံဖော်ပေးတာကိုလည်း လုပ်ပါသေးတယ်။ အဓိကပြောရရင် ပြည်တွင်းက ပုဆိန်ရိုးတွေက မြေအောက်လုပ်ငန်းတွေ လုပ်နိုင်အောင်နဲ့ နယ်စပ်အကြမ်းဖက်သောင်းကျန်းသူတွေ ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းတွေ လုပ်နိုင်အောင် လိုတဲ့ငွေကို ရှာပေးတဲ့သူတွေပါပဲ။ ပြည်ပ ဆရာကြီးတွေဆီက ငွေဘယ်လောက်ရပြီး ပုဆိန်ရိုးတွေနဲ့ သောင်းကျန်းသူတွေ ဆီကို ဘယ်လောက်ပေးတယ်ဆိုတာတော့ သူတို့ပဲ သိမှာပဲ။ တစ်ခါ တလေတော့လည်း သူတို့အချင်းချင်း ခွက်စောင်းခုတ်တဲ့ သတင်းတွေ ထွက်လာတဲ့အခါကျရင်တော့ ကျွန်တော်တို့တစ်တွေ နည်းနည်းပါးပါး သိရတတ်ပါတယ်။ မှတ်မိဦးမှာပါ၊ ပြီးခဲ့တဲ့ ဩဂုတ်လထဲတုန်းက အိမ်ချင်းနိုင်ငံတစ်ခုမှာရှိတဲ့ အဖွဲ့အစည်းတစ်ခုက ဒေါ်စုကြည်ကိုပေးတဲ့ မြန်မာငွေ သိန်းသုံးဆယ်ကျော်နဲ့ညီတဲ့ ဆုကြေးငွေတွေကို NLD (LA) ဒေသတာဝန်ခံက ဖြတ်အုပ်သွားလို့ မီဒီယာတွေပေါ်တက်ပြီး အထုပ်ဖြေခဲ့ ကြတဲ့ သတင်းတွေကို ကြားလိုက်ကြမှာပါ။ သူခိုးလက်က သူဝှက်လုတဲ့ ဖြစ်စဉ်ပေါ့။

ပေါ်ပေါက်ခဲ့သမျှ အဖျက်အမှောင့်လုပ်ရပ်တွေမှာလည်း ဒီပြည်ပြေး အဖွဲ့တွေရဲ့ လက်ချက်နဲ့ ကင်းတာမရှိပါဘူး၊ မဟာပါသာဏလိုဏ်ဂူတော် မှာ ဗုဒ္ဓစွယ်တော်မြတ် ပူဇော်ခံနေစဉ် ဗုံးခွဲတိုက်ခိုက်ခဲ့တာ၊ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၊ Junction-8 နဲ့ ဒဂုံစင်တာတွေမှာဖြစ်ခဲ့တဲ့ ယုတ်မာ ရက်စက်တဲ့ ဗုံးခွဲတိုက်ခိုက်မှုတွေဟာ ဒီပြည်ပြေးအဖွဲ့တွေ လက်ချက်နဲ့ ပေါ်ပေါက်ခဲ့တာပါ။ အထူးသဖြင့် ၂၀၀၅ ခုနှစ်ထဲမှာ ABSDF အဖွဲ့က

ကျွန်တော်တို့ဟာ ကျွန်တော်တို့ အနာဂတ်အတွက် ခရီးဆက်ကြရဦးမှာပါ။ ဆက်ရမယ့်လမ်းကြောင်းက မူဝါဒလမ်းစဉ်(၇)ရပ်ပါ။ ရည်မှန်းချက်က စည်းကမ်း ပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ပဲပေါ့။ အကြမ်းဖက် မှုတွေ၊ ဆူပူမှုတွေ၊ ပြည်ပအားကိုးတာတွေ၊ ဖြတ်လမ်းနည်းနဲ့ အာဏာယူတာတွေ ကနေပြီး အဲဒီရည်မှန်းချက်ကို အကောင်အထည်မဖော်နိုင်တာ သေချာပါတယ်။ ဘာတွေပဲရလာမလဲ၊ ၁၉၈၈ ခုနှစ် အရေးအခင်းကို သိမီလိုက်သူတွေ ရှိပါတယ်။ ကျွန်တော်တို့ အဲဒီအချိန်ကို ပြန်သွားမလား၊ ၁၉၄၈ခုနှစ် တုန်းကလို တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲပြီး တစ်ပြည်လုံး ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို ခါးစည်း ခံခဲ့ရတဲ့အထိ နောက်ကြောင်း ပြန်သွားချင်ကြလား။

သံခဲ၊ FTUB ဆိုပြီး[...] တွေ လုပ်နေတဲ့အဖွဲ့[...] က အောင်မိုးဇော်၊ [...] NCGUB, DAB [...] တယ်။ အဲဒီ သင်တ[...] ဒေါ်လာတစ်သိန်း[...] သင်တန်းတွေရဲ့ အ[...] သုံးနေရာမှာ ဗုံးကွဲ[...] ဒဏ်ရာရခဲ့တာပါပဲ။

ဒါ့ကြောင့်လ[...] ပြည်ထဲရေးဝန်ကြီးဌာ[...]

FTUB, NLD(LA)[...] ဒီမို ကရေစီရေး [...] စရိုက်အမှန်ပါပဲ။

(၇)ရပ်ပေါ်ထွက်လာ[...] အတွက် ဖောက်ခွဲ[...] ပြည်တွင်း၊ ပြည်ပ[...] ဒါကြောင့် NCGU[...] ဖွဲ့စည်းခဲ့သလို ပြည်[...] တိုက်ပွဲကော်မတီဆို[...] မင်းကိုနိုင်တို့ရဲ့ လု[...] in Burma, FDB[...] ၈၈ အုပ်စုတွေရဲ့ [...] ပြောရရင် ပြည်တွ[...] NLD များက NL[...] ဗကသ၊ မကသ [...] ABSDF၊ မြန်မာ[...] ကရေစီနဲ့ ဖွံ့ဖြိုးတိုး[...] (PDF)၊ နိုင်ငံရေးအ[...] ခြောက်ဖွဲ့ ပါဝင်နေ[...] အကူအညီရဖို့ ပိုက်[...] ဒီလုပ်ငန်းတွေ လုပ်[...]

(က) ပြည်[...]

(ခ) နိုင်ငံ[...]

(ဂ) လူထု[...] လှုပ်ရ[...] ငှင်းလု[...]

(ဃ) ပြည်[...] ဆော[...]

(င) အစိုး[...] များ[...] အသုံး[...]

(၃)

ည်သာ)

သံခဲ၊ FTUB ဆိုပြီး အလုပ်သမားရေးရာအကြောင်းပြ၊ အကြမ်းဖက်လုပ်ငန်းတွေ လုပ်နေတဲ့အဖွဲ့က ပြည်သစ်ညွှန့်ဝေ(ခ) မောင်မောင်၊ လူ့ဘောင်သစ်က အောင်မိုးဇော်၊ NLD(LA) က တင်ဦး၊ လွှမ်းနီတို့ ခေါင်းဆောင်ပြီး NCGUB, DAB တို့ရဲ့ အကူအညီနဲ့ ဖောက်ခွဲရေးသင်တန်းတွေပို့ချခဲ့ပါတယ်။ အဲဒီ သင်တန်းတွေအတွက် ပြည်ပနိုင်ငံကြီးတစ်ခုက ထောက်ပံ့ငွေ ဒေါ်လာတစ်သိန်းထောက်ပံ့ခဲ့တယ်ဆိုတဲ့ သတင်းတွေထွက်ခဲ့ပါတယ်။ အဲဒီ သင်တန်းတွေရဲ့ အကျိုးဆက်ကတော့ ၂၀၀၅ ခုနှစ် မေလမှာ ရန်ကုန်မြို့ပေါ်သုံးနေရာမှာ ဗုံးကွဲမှုတွေဖြစ်ပြီး ရဟန်းရှင်လူ ၂၃ ဦးသေဆုံး၊ ၁၆၂ ဦး ဒဏ်ရာရခဲ့တာပါပဲ။

ဒါ့ကြောင့်လည်း နိုင်ငံတော်အစိုးရက ၁၂–၄–၂၀၀၆ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာန ကြေညာချက်အမှတ်(၁/၂၀၀၆)နဲ့ ABSDF, NCGUB, FTUB, NLD(LA) တို့ကို မတရားအသင်း ကြေညာခဲ့တာပါ။ အဲဒါဟာ ဒီမို ကရေစီရေး ခေါင်းစဉ်အောက်က လှုပ်ရှားနေတဲ့ ပြည်ပြေးအဖွဲ့များရဲ့ စရိုက်အမှန်ပါပဲ။ **ပြည်ပြေးအဖွဲ့တွေဟာ ၂၀၀၃ ခုနှစ် မူဝါဒလမ်းစဉ် (၇)ရပ်ပေါ်ထွက်လာချိန်ကတည်းကစပြီး မူဝါဒလမ်းစဉ်(၇)ရပ်ကို ဖျက်ဆီးဖို့အတွက် ဖောက်ခွဲရေးလုပ်ငန်းတွေနဲ့ ယူဂျီလုပ်ငန်းတွေကို ပေါင်းစပ်ပြီး ပြည်တွင်း၊ ပြည်ပချိတ်ဆက်ဆောင်ရွက်ဖို့ စီမံချက်နဲ့ ပြင်ဆင်ခဲ့တာပါ။ ဒါကြောင့် NCGUB က ဦးစီးပြီး ပြည်ပမှာ ဗဟိုလူထုတိုက်ပွဲကော်မတီကို ဖွဲ့စည်းခဲ့သလို ပြည်တွင်းမှာလည်း ပြည်တွင်းယူဂျီများနဲ့ ဥပဒေတွင်း လူထုတိုက်ပွဲကော်မတီဆိုတာကို ဖွဲ့ခဲ့ပါတယ်။ တစ်ခါ ပြည်ပရောက်နေတဲ့ မင်းကိုနိုင်တို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကလည်း Forum for Democracy in Burma, FDB အဖွဲ့ကို ဖွဲ့ပါတယ်။ အဲဒီအဖွဲ့ကတော့ ပြည်တွင်းက ၈၈ အုပ်စုတွေရဲ့ လှုပ်ရှားမှုတွေကို အထောက်အကူပေးဖို့ပါပဲ။ တစ်နည်းပြောရရင် ပြည်တွင်းက NLD ကို အထောက်အကူပေးနိုင်ဖို့ ပြည်ပြေး NLD များက NLD(LA) ဖွဲ့တဲ့ သဘောပေါ့။ ဒါကြောင့် FDB အဖွဲ့မှာ ဗကသ၊ မကသ ဟောင်းတွေဦးစီးတဲ့ ဗကသ နိုင်ငံခြားရေးရာကော်မတီ၊ ABSDF၊ မြန်မာအမျိုးသမီးသမဂ္ဂ၊ လူ့ဘောင်သစ်ဒီမိုကရေစီပါတီ၊ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(NDD)၊ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)၊ နိုင်ငံရေးအကျဉ်းသား ကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP) အဖွဲ့ ခြောက်ဖွဲ့ ပါဝင်နေတာပါ။ အဲဒီအဖွဲ့က နိုင်ငံကြီးတစ်နိုင်ငံထံက ငွေကြေးအကူအညီရဖို့ ပိုက်ဆံတောင်းတဲ့ သူတောင်းစားစီမံချက်မှာ ပြည်တွင်းမှာ ဒီလုပ်ငန်းတွေ လုပ်ပါမယ်ဆိုပြီး ဖော်ပြထားပါတယ်–**

(က) ပြည်တွင်းရှိ မြေအောက်လုပ်ငန်း ယူဂျီကွန်ရက်များကိုချဲ့ထွင်ရန်၊
(ခ) နိုင်ငံရေးသင်တန်းများပေးရန်
(ဂ) လူထုအတွင်းမှာ လူမှုရေးလှုပ်ရှားမှု အမည်များနဲ့ တက်ကြွလှုပ်ရှားသည့် အဖွဲ့များ ပေါ်ပေါက်လာအောင်ဆောင်ရွက်ရန်၊ ၎င်းလှုပ်ရှားမှုများကို နိုင်ငံရေးလှုပ်ရှားမှုအသွင်ပြောင်းပေးရန်၊
(ဃ) ပြည်တွင်းမှာ နိုင်ငံရေးတပ်ပေါင်းစုတစ်ခု ပေါ်လာအောင် ဆောင်ရွက်ရန်၊
(င) အစိုးရကို ဆန့်ကျင်သူများအနေနဲ့ နိုင်ငံတကာ အဖွဲ့အစည်းများထံမှ အကာအကွယ်ရယူနိုင်သည့် အခွင့်အရေးများကို အသုံးချတတ်အောင် လေ့ကျင့်ပေးရန်၊

...င့် မြန်မာနိုင်ငံမှာ ဝင်စွက်ဖက်ချင်နေရတာလဲ။ မြန်မာနိုင်ငံမှာ ...အောင် ကြိုးစားနေတယ်ဆိုတဲ့ ပြောဆိုချက်တွေဟာ မှန်ရဲ့လား ...ယ်။ ဆိုပီယက်ပြိုကွဲသွားပြီးတဲ့နောက်မှာ အမေရိကန်က နောက်ထပ် ...ငံဟာ အာရှကပဲ ပေါ်ထွက်လာနိုင်တယ်လို့ သုံးသပ်ထားပါတယ်။ ...မြန်မာနိုင်ငံရဲ့ မဟာဗျူဟာအရ အချက်အချာကျမှုကို တွေ့နိုင်ပါ ...ကျတဲ့ မြန်မာနိုင်ငံမှာ သူ့ဩဇာခံအစိုးရရှိရေးဟာ နောက်ဖြစ်လာ ...မှာ လက်ဦးမှုရရေးအတွက် အရေးကြီးလာပါတယ်။ ဒါပါပဲ။ ...တာလူ့အခွင့်အရေးအတွက်မှ မဟုတ်ပါဘူး။ သူ့အကျိုးစီးပွား

...တွေမှာ၊ အစိုးရအဖွဲ့တွေ၊ ...က် နေရာ မရှိတော့တာ ...မီ၊ ထီးတင်ပွဲလည်းမမီ ...က အမျိုးသားညီလာခံ ...လမ်းမရှိတော့ဘူးလေ။
...င်းကျန်းသူတွေပေါင်းပြီး ...က် အကြမ်းဖက်သမား ...င်နန်းတွေ လုပ်နေတာကို ...နတွေ ယိုယွင်းပျက်စီး ... မြင်လာအောင် အမည် ...ည်နဲ့ အစီရင်ခံစာတွေ ...ပ်နေတာပါ။ ဒါ့အပြင် ...ိုကရေစီ သူရဲကောင်းကြီး ...ည်း လုပ်ပါသေးတယ်။ ...မြေအောက်လုပ်ငန်းတွေ ...တွေ ဖောက်ခွဲဖျက်ဆီးရေး ...တဲ့သူတွေပါပဲ။ ပြည်ပ ...တွနဲ့ သောင်းကျန်းသူတွေ ...ဲ့ပဲ သိမှာပဲ။ တစ်ခါ ...င်းခုတ်တဲ့ သတင်းတွေ ...တွေ နည်းနည်းပါးပါး ... ဩဂုတ်လထဲတုန်းက ... ဒေါ်စုကြည်ကိုပေးတဲ့ ...ငွေတွေကို NLD (LA) ...ါ်တက်ပြီး အထုပ်ဖြေခဲ့ ...းလက်က သူ့ဇာက်လုတဲ့

...တွေမှာလည်း ဒီပြည်ပြေး ...ပါသာဏလိုဏ်ဂူတော် ...က်ခိုက်ခဲ့တာ၊ ရန်ကုန် ...တွေမှာဖြစ်ခဲ့တဲ့ ယုတ်မာ ...အဖွဲ့တွေ လက်ချက်နဲ့ ...မှာ ABSDF အဖွဲ့က

ကဲဗျာ၊ အဲဒီအချက်တွေကို ကြည့်လိုက်တာနဲ့ မင်းကိုနိုင် အုပ်စုနဲ့အတူ ပေါ်လာတဲ့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အလုပ်သမားရေး စတာတွေကို အကြောင်းပြပြီး ဖွဲ့ထားတဲ့ အဖွဲ့တွေ၊ ကဗျာရွတ်ပွဲတွေ၊ အိုင်စီအာရ်စီတို့၊ အိုင်အယ်လ်အိုတို့ကို အသုံးချပြီး အစိုးရကို သိက္ခာကျအောင် လိမ်လည်တိုင်ကြားနေတာတွေဟာ ဘာရည်ရွယ်ချက်နဲ့ လုပ်နေတာလဲဆိုတာ ခန့်မှန်းနိုင်ကြမှာပါ။ အဲဒီလှုပ်ရှားမှုတွေဖြစ်အောင် ငွေကြေးတွေကို ဘယ်ပုံဘယ်နည်းနဲ့ ထောက်ပံ့ခဲ့တယ်ဆိုတာတွေကိုတော့ သတင်းထုတ်ပြန်ရေးကော်မတီရဲ့ ကြေညာချက် (၁/၂၀၀၇)မှာ ပါပါတယ်ဗျာ၊ ဖတ်သာကြည့်ကြပါတော့။

အဲဒီပြည်ပြေးလှုပ်ရှားမှုတွေထဲမှာ ထူးထူးခြားခြား ပါလာတာကတော့ ဗမာပြည်ကွန်မြူနစ်ပါတီခေါ်တဲ့ (ဗကပ)ပါပဲ။ အရှေ့မြောက်ဒေသက ဗကပပြိုကွဲသွားတာကြာပြီမို့ ဗကပရှိသေးရဲ့လားလို့ ခင်ဗျားတို့က မေးကောင်းမေးပါလိမ့်မယ်၊ လက်နက်ကိုင်တိုက်ပွဲမလုပ်နိုင်တော့လို့ ပါတီကို မြေအောက်ပါတီအနေနဲ့ ပြောင်းလဲရပ်တည်နေတုန်းပါပဲ၊ အရင်နိုင်ငံရေးဦးဆောင်အဖွဲ့ (နိုင်/ဦး)က လူဟောင်းတွေအားလုံး အနားယူခဲ့ပြီး ၈၈ အရေးအခင်းတုန်းက ပြည်တွင်းမှာရှိတဲ့ ယူဂျီ ၄၈၂၈ ကော်မတီကို ကြိုးကိုင်ခဲ့တဲ့ ဗကပ ယူဂျီဆရာကြီး ကြင်မောင်က ခေါင်းဆောင်ပြီးလှုပ်ရှားနေဆဲပါ၊ ၂၀၀၅ ခုနှစ်ထဲမှာ ကြင်မောင်က ပြည်တွင်းပြည်ပက အဆက်အသွယ်ဟောင်းတွေကို ဗကပဟာ အနာကျက်အောင် အချိန်ယူပြီးကုစားနေရလို့ ထိထိရောက်ရောက် မလှုပ်ရှားနိုင်ခဲ့တာပါ။ အခုပြန်ပြီး လှုပ်ရှားနိုင်ပါပြီဆိုပြီး အမျိုးသားညီလာခံနဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ကို ဖျက်ဆီးနိုင်မယ့် အစီအမံတွေကို တင်ပြပါတယ်။ ပြီးတော့ ဗကပကို မယုံသင်္ကာဖြစ်မှာစိုးလို့နဲ့တူပါရဲ့၊ NLD ရဲ့ နိုင်ငံရေးလှုပ်ရှားမှုကို အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါဘူး၊ ဗကပဟာ NLD ကို ဝိုင်းရံပါ့မယ်၊ ဗကပက လုပ်နိုင်တဲ့အင်အားမရှိလို့ လုပ်နိုင်သူတွေလုပ်ဖို့ တင်ပြတာပါ၊ ဗကပကတော့ မိမိရဲ့ ယူဂျီများနဲ့ လုပ်နိုင်တာ ဝင်လုပ်ပေးပါ့မယ်ဆိုပြီး လေပြေထိုးပါတယ်။

ဒီနေရာမှာ ဗကပက တစ်ခြားပြည်ပြေးတွေ၊ ပြည်တွင်းက အစိုးရဆန့်ကျင်ရေး အုပ်စုတွေထက် သာတာက တည်ဆဲအစိုးရအဆက်ဆက်ကို မြေအောက်လုပ်ငန်းတွေနဲ့ ဆန့်ကျင်ခဲ့တဲ့ အတွေ့အကြုံရှိတာပါ။ ပြောရရင် ၈၈ တုန်းကလည်း မိုးသီးဇွန်တို့ မင်းကိုနိုင်တို့ကို ဗကပ ၄၈၂၈ ကော်မတီက ကြိုးကိုင်ခဲ့တာပါ၊ ဒီတော့ ကျန်တဲ့အဖွဲ့တွေက ဗကပကနောက်ကနေပြီး လုပ်မယ့်စီမံချက်ကိုလက်ခံကြတယ်၊ ဗကပ ရှေ့တက်လာရင် ခုထိ ကွန်မြူနစ်တစ္ဆေ ခြောက်နေသေးတဲ့ အနောက်အုပ်စုဆီက အကူအညီမရမှာကိုလည်း ကြောက်သေးတယ်။ ဒါနဲ့ အနောက်အုပ်စု လက်ပါးစေတွေနဲ့ ကွန်မြူနစ်တွေ မသူတော်ချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ပြီး ဒီမို ၂၀၀၆ ဆိုတဲ့ စီမံချက်ပေါ်လာတယ်။ အဲဒီစီမံချက်ရဲ့ အနှစ်သာရကတော့ အစိုးရနဲ့ တွေ့ဆုံဆွေးနွေးရေး၊ ဒေါ်စုပြန်လွှတ်ရေးနဲ့ ၁၉၉၀ ရလဒ် အကောင်အထည်ဖော်ဖို့ မြေပေါ်မြေအောက်လုပ်ငန်း ပေါင်းလုပ်ဖို့ပါပဲ။ ဒါကြောင့် မြေပေါ်လုပ်ငန်းကို NLD ကလုပ်၊ ကျန်တဲ့ပြည်ပြေးတွေက မြေအောက်လုပ်ငန်း UG လုပ်ဆိုပြီး လုပ်ခဲ့ပါတယ်၊ ဒါပေမယ့် NLD အပေါ် လူထုထောက်ခံမှုကမရှိတော့ ဒီမို ၂၀၀၆ လည်း ရေစုန်မျောသွားပြန်တယ်၊ ဒါကြောင့် ဗကပက ၂၀၀၇ ကြံဆချက်ဆိုပြီး ထပ်တင်ပြလာပြန်တယ်။

ဒီအစီအမံကတော့ ၈၈ အုပ်စုရဲ့ လှုပ်ရှားမှုတွေကို အခြေခံပြီး တက်ကြွလှုပ်ရှားသူများတပ်ဦး Activists Front, AF နဲ့ မြေအောက်လှုပ်ရှားမှုတွေကို ပေါင်းစပ်ပြီး မူဝါဒလမ်းစဉ်(၇)ရပ် ပျက်အောင်ဖျက်ဖို့နဲ့ လက်နက်ကိုင်တိုက်ပွဲ Arms Struggle, AS ကိုအရန်ထား၊ NLD ကနောက်ကနေဆိုတဲ့ အစီအမံပါပဲ၊ အဲဒီတော့ ရှေ့ပိုင်းမှာ ကျွန်တော်ပြောပြခဲ့တဲ့ ပြည်ပြေးအဖွဲ့တွေရဲ့ လှုပ်ရှားမှုတွေ၊ ပြည်တွင်းက ၈၈ အုပ်စုအပါအဝင် အစိုးရဆန့်ကျင်ရေး အဖွဲ့တွေရဲ့ လုပ်ဆောင်ချက်တွေကို ကြည့်လိုက်ရင် မူဝါဒလမ်းစဉ်(၇)ရပ်ကို မပျက်ပျက်အောင်ဖျက်ရေးဆိုတဲ့ မဟာဗျူဟာရည်မှန်းချက်ကို ဦးတည်ဆောင်ရွက်နေတာသိနိုင်ပါတယ်။ ဒါဟာ အပိုင်း(၂)တုန်းက ပြောခဲ့တဲ့ မဟာဗျူဟာသုံးရပ်ကို ကိုယ်သန်ရာသန်ရာ နည်းလမ်းတွေနဲ့ ဝိုင်းဝန်းအကောင်အထည်ဖော်နေတာလဲ ဖြစ်ပါတယ်။

သို့သော်လည်း ဒီပြည်ပြေးအဖွဲ့တွေအနေနဲ့ သူတို့ချည်းလုပ်လို့က မရပြန်ဘူးခင်ဗျ၊ သူတို့ နေဖို့ ထိုင်ဖို့ စားဖို့ သောက်စားဇိမ်ခံဖို့ ပြည်တွင်းက အဖျက်လုပ်ငန်းတွေကို ငွေထောက်ပံ့ဖို့အတွက် ရှာဖို့ဖွေဖို့ လိုသေးတယ်။ နောက်ပြီး သူတို့ကို သူတော်ကောင်းတွေအဖြစ်၊ ဒါမှမဟုတ် အစိုးရရဲ့ ဖိနှိပ်မှုကိုခံနေရတဲ့ သနားစရာ လူတွေအဖြစ် နိုင်ငံတကာ အသိုင်းအဝိုင်းက မြင်လာအောင် ပုံဖော်ပေးမယ့် အကူအညီလည်းလိုသေးတယ်။ နောက်ပြီး ပြည်တွင်းကပြည်သူတွေကို ဝါဒဖြန့်ဖို့လည်းလိုသေးတယ်။ ဒီအလုပ်ကို ဝင်လုပ်လာတဲ့သူတွေကတော့ BBC, VOA, RFA, DVB စတဲ့ နိုင်ငံခြား အသံလွှင့်ဌာနတွေပါပဲ။ ၁၉၈၈ ခုနှစ်တုန်းက ပြည်ပကသွေးထိုး လှုံ့ဆော်တဲ့ အထဲမှာ BBC, VOA ရှိပေမယ့် နောက်ပိုင်းမှာ အမေရိကန်အစိုးရက တည်ထောင်ပေးတဲ့ RFA နဲ့ နော်ဝေအစိုးရက ထူထောင်ပေးတဲ့ DVB အသံလွှင့်ဌာနတွေ တိုးလာပါတယ်။ အသစ်တွေ ဘယ်လိုပဲ ပေါ်လာ ပေါ်လာ ရည်ရွယ်ချက်ကတော့ တစ်ခုတည်းပါပဲ။

ကဲ– အခု ပြည်ပအသံလွှင့်ဌာနတွေ ဘာလုပ်နေသလဲ၊ လေ့လာကြည့်ကြပါ။ **တစ်၊ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်အားကိုးမှုလျော့ကျပြီး ပုဆိန်ရိုးတွေကို အထင်ကြီးလာဖို့၊** စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

ဘုရှ်ရဲ့ အသွင်ပြောင်းသံတမန်နည်းလမ်းမှာ အဓိက လှုပ်ရှားတာက အမေရိကန် သံတမန်တွေပါပဲ။ ဘုရှ် မူဝါဒအရ အမေရိကန် သံတမန်တွေက သက်ဆိုင်ရာ နိုင်ငံတွေက လူမှုရေးအသိုင်းအဝိုင်းတွေကြားမှာ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားပြီး အမေရိကန်ကို အထင်ကြီးလာအောင်၊ လေးစားလာအောင် လုပ်ရမယ်လို့ဆိုတယ်။ တကယ်လို့ အဲဒီနိုင်ငံအစိုးရက အမေရိကန် မကြိုက်တဲ့ အစိုးရဖြစ်နေရင် အစိုးရကိုဖိအားပေးဖို့၊ အကျပ်ကိုင်ဖို့၊ ဖြုတ်ချဖို့အထိ တက်ကြွလှုပ်ရှားသူအဖွဲ့ Activists Group တွေကို အားပေး ဖွဲ့စည်းသွားရမယ်လို့လည်း ဆိုပြန်တယ်။ ဒီလိုတက်ကြွ လှုပ်ရှားသူတွေကို လေ့ကျင့်ပေးတဲ့နေရာမှာ သံရုံးတွေမှာရှိတဲ့ အမေရိကန်စင်တာတွေကိုသုံးသလို အမေရိကန် အစိုးရက ဖွဲ့ပေးထားတဲ့ NED, USAID စတဲ့ အဖွဲ့တွေကို သုံးရမယ်လို့ ညွှန်ကြားထားပါတယ်။

တက်ကြွလှုပ်ရှားသူတွေကို အခြေခံတဲ့ အမေရိကန်ရဲ့ အသွင်ပြောင်း သံတမန်နည်းလမ်း၊ တက်ကြွလှုပ်ရှားသူများတပ်ဦးနဲ့ မြေအောက် လုပ်ငန်းတွဲလုပ်မယ့် ဗကပရဲ့ ၂၀၀၇ ကြံဆချက်၊ ပြည်တွင်းမှာ အသင်းအဖွဲ့ အမျိုးမျိုး ဖွဲ့စည်း လှုပ်ရှားလာနေတဲ့ NLD နဲ့ ၈၈ အုပ်စု၊ ပြည်ပကနေ လူသားချင်းစာနာ ထောက်ထားမှု အကူအညီခေါင်းစဉ်နဲ့ အဲဒီတက်ကြွ လှုပ်ရှားသူများ အဖွဲ့တွေကို အကူအညီပေးနေတဲ့ ပြည်ပြေးအဖွဲ့တွေ၊ ဒါတွေအားလုံးဟာ တိုက်ဆိုင်မှု မဟုတ်ပါဘူး။ မိမိကိုယ်စီ အကျိုးစီးပွားတွေကို အခြေခံပြီး အမျိုးသားညီလာခံနဲ့ မူဝါဒလမ်းစဉ် (၇)ရပ် ပျက်ပြားရေးကို စိတ်တူကိုယ်တူ ပူးပေါင်း လုပ်ဆောင်နေကြတဲ့ လုပ်ရပ်တွေပါ။

မြန်မာ့နိုင်ငံရေး မြင်ကွင်းအခြေအနေတွေကို ပုံဖော်ပြခဲ့တာ အပိုင်းသုံးပိုင်း ရှိနေပါပြီ။ ဒီအပိုင်းသုံးပိုင်းကို ပြန်ခြုံကြည့်ရင် သူ့အကျိုးစီးပွားအတွက် မြန်မာနိုင်ငံမှာ ဩဇာခံအစိုးရတစ်ရပ် ပေါ်ပေါက်လာဖို့ အပြင်းအထန် ကြိုးစားနေတဲ့ နိုင်ငံ၊ ဖြတ်လမ်းနည်းနဲ့ အာဏာရမယ်ဆိုရင် ဘာလုပ်ရလုပ်ရဆိုတဲ့ ပါတီ၊ အဲဒီပါတီ အာဏာရဖို့အတွက် ယူဂျီလုပ်ငန်းနဲ့ အဖျက်အမှောင့်လုပ်ငန်းတွေကိုလုပ်ပြီး အထောက်အကူပေးမယ့် ပြည်တွင်းက ဗကသ၊ မကသဟောင်း ၈၈ မျိုးဆက် ကျောင်းသားအမည်ခံအုပ်စု၊ ပြည်ပြေးအကြမ်းဖက်သမားများနဲ့ သောင်းကျန်းသူ လက်ကျန်အုပ်စုတွေအားလုံး ပေါင်းစပ်ပြီး နိုင်ငံအတွင်းမှာ ဆူပူဆန္ဒပြမှုတွေ၊ အကြမ်းဖက်မှုတွေ ပေါ်ပေါက်လာအောင် လုပ်နေတာကို ဆက်စပ်ပုံဖော် တွေ့နိုင်နေပါပြီ။

* စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

နှစ်၊ ပုံကြီးချဲ့ သတင်း၊ လုပ်ကြံသတင်းများကောလာဟလတွေထုတ်လွှင့်ပြီး တိုင်းပြည်အတွင်းမှာ စိုးရိမ်စိတ်တွေ၊ မတည်ငြိမ်မှုတွေ ပေါ်လာအောင် လုပ်ဖို့၊ သုံး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားစေဖို့၊ လေး၊ မြန်မာနိုင်ငံမှာ အခြေအနေတွေ သိပ်ဆိုးနေပြီလို့ နိုင်ငံတကာကမြင်ပြီး အမေရိကန်က မြန်မာ့ပြည်တွင်းရေးမှာ ဖြောင်ကျကျ ဝင်ရောက်စွက်ဖက်နေတာကို ထောက်ခံလာဖို့ လုပ်နေတယ်ဆိုတာတွေ့ရမှာပါ။ အဲ-အခါအားလျော်စွာ လုပ်လေ့ရှိတဲ့ အလုပ်တစ်ခုကတော့ ပြည်တွင်း ယူဂျီတွေရဲ့ အစီအမံတွေကို အကူအညီပေးတဲ့အလုပ်ပါပဲ။ ယူဂျီတွေက ထုတ်တဲ့ ကြေညာချက်တွေကို ထပ်ဆင့်ဖြန့်ချိပေးတာ ဘယ်နေ့၊ ဘယ်နေရာ၊ ဘယ်အချိန်မှာ ဘာလုပ်မယ်ဆိုတဲ့အစီအစဉ်တွေကို ဖြန့်ချိပေးတာတွေဟာ ပြည်ပအသံလွှင့်ဌာနတွေက ဆူပူဆန္ဒပြမှုတွေဖြစ်တိုင်း လုပ်နေကျအလုပ်တွေပါ။ ၈၈ အရေးအခင်းတုန်းက ဖြစ်စဉ်တွေကို မမီလိုက်သူတွေလည်း မကြာခင်က ဖြစ်ပေါ်ခဲ့တဲ့ ဆူပူမှုတွေအတွင်းမှာ အဲဒီအသံလွှင့်ဌာနတွေက အသံလွှင့်ချက်တွေ၊ တွေ့ဆုံမေးမြန်းခန်းတွေကို နားထောင်ကြည့်ရင် ပြည်တွင်းပြည်ပက အဖျက်သမားတွေနဲ့ ပြည်ပအသံလွှင့်ဌာနတွေ ဘယ်လိုလက်ဝါးရိုက်ပြီး လုပ်နေတယ်ဆိုတာ သိနိုင်ပါတယ်။ တကယ်တော့ ဒါတွေက သီးခြားစာတစ်ပုဒ်တောင်ရေးရမယ့် အဖြစ်တွေပါပဲ။ ကဲ-ပြည်တွင်းပြည်ပက အဖွဲ့တွေအားလုံးရော၊ ပြည်ပမီဒီယာတွေကိုပါ ကြိုးကိုင်ပြီး သူ့အကျိုးစီးပွားကို အကောင်အထည်ဖော်နေတဲ့ နိုင်ငံအကြောင်း ဆက်ပါဦးမယ်။

ဒါကတော့ ဒုတိယကမ္ဘာစစ်ပြီးကတည်းက ကမ္ဘာပေါ်မှာ ငပွကြီးအဖြစ် ကျွန်တော်တို့အားလုံးသိနေတဲ့ အမေရိကန်ပါပဲဗျာ။ ၁၉၄၈ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့အချိန်ကစပြီး မြန်မာနိုင်ငံ ပြည်တွင်းရေးကို အမေရိကန်နိုင်ငံက ဖြောင်တစ်မျိုး၊ လက်သိပ်ထိုးပြီးတစ်ဖုံ ဘယ်ပုံဘယ်နည်းနဲ့ ဝင်ရောက်စွက်ဖက်ခဲ့တယ်၊ ဘယ်သူတွေကို တပည့်မွေးခဲ့တယ်ဆိုတာတော့ လေ့လာသူတစ်ဦးရေးတဲ့ မြန်မာ-အမေရိကန် ဆက်ဆံရေးသမိုင်းကို ဖတ်ကြည့်ရင် ကွင်းကွင်းကွက်ကွက် တွေ့နိုင်ပါတယ်။ အခုပြောချင်တာက လတ်တလောအဖြစ်အပျက်တွေမှာ အမေရိကန်အနေနဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေကိုဘယ်လို အကူအညီတွေ ပေးနေတယ်ဆိုတာပါ။ ဒါမှလည်း ပြည်ပအားကိုး ပုဆိန်ရိုးဆိုတဲ့ စကားအတိမ်အနက်ကို စာဖတ်သူတို့ သိနိုင်မှာပါ။

သမ္မတဘုရှ်လက်ထက်မှာ အမေရိကန်က အသွင်ပြောင်း သံတမန်နည်းလမ်း (Transformational Diplomacy)ဆိုတာကို ကျင့်သုံးခဲ့ပါတယ်။ အဲဒါ ဘာမူဝါဒလဲဆိုတာကို နိုင်ငံခြားရေးဝန်ကြီး ရိုက်စ်ရဲ့ စကားကိုကြည့်ရင်သိနိုင်ပါတယ်။ ရိုက်စ်က လွန်ခဲ့တဲ့နှစ်ပေါင်း သုံးရာ ငါးဆယ်ကျော်ကတည်းက နိုင်ငံတကာဆက်ဆံရေးမှာ လက်ခံထားတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို လေးစားရမယ်ဆိုတဲ့ အစဉ်အလာကို နိဂုံးချုပ်ပစ်ရမယ်လို့ဆိုတယ်။ အဓိပ္ပာယ်ကတော့ အမေရိကန်အကျိုးစီးပွားကို အကောင်အထည်ဖော်ဖို့လိုမယ်ဆိုရင် ဘယ်နိုင်ငံရဲ့ ပြည်တွင်းရေးကိုမဆို ဖြောင်ကျကျ ဝင်ရောက်စွက်ဖက်မယ်ဆိုတာပါပဲ။ အရင် အမေရိကန်သမ္မတတွေတုန်းကလည်း သူများပြည်တွင်းရေးကို ဝင်စွက်ဖက်တာပါပဲ။ ဒါပေမယ့် ဟန်ဆောင်ပန်ဆောင်လေးတော့ လုပ်ပါသေးတယ်။ ဘုရှ်ကတော့ ပိုပြီး ဖြောင်ကျတယ်ဆိုရမှာပေါ့။

ဘုရှ်ရဲ့ အသွင်ပြောင်းသံတမန်နည်းလမ်းမှာ အဓိကလှုပ်ရှားတာက အမေရိကန် သံတမန်တွေပါပဲ။ ဘုရှ်မူဝါဒအရ အမေရိကန် သံတမန်တွေက သက်ဆိုင်ရာနိုင်ငံတွေက လူမှုရေးအသိုင်းအဝိုင်းတွေ ကြားမှာ ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားပြီး အမေရိကန်ကို အထင်ကြီးလာအောင်၊ လေးစားလာအောင် လုပ်ရမယ်လို့ဆိုတယ်။ တကယ်လို့ အဲဒီနိုင်ငံအစိုးရက အမေရိကန် မကြိုက်တဲ့ အစိုးရဖြစ်နေရင် အစိုးရကို ဖိအားပေးဖို့၊ အကျပ်ကိုင်ဖို့၊ ဖြုတ်ချဖို့အထိ တက်ကြွလှုပ်ရှားသူအဖွဲ့ Activists Group တွေကို အားပေးဖွဲ့စည်းသွားရမယ်လို့လည်း ဆိုပြန်တယ်။ ဒီလိုတက်ကြွလှုပ်ရှားသူတွေကို လေ့ကျင့်ပေးတဲ့နေရာမှာ သံရုံးတွေမှာရှိတဲ့ အမေရိကန်စင်တာတွေကိုသုံးသလို အမေရိကန်အစိုးရက ဖွဲ့ပေးထားတဲ့ NED, USAIDစတဲ့ အဖွဲ့တွေကို သုံးရမယ်လို့ညွှန်ကြားထားပါတယ်။ ကျွန်တော် အခု ပြောနေတာတွေဟာ ဘုရှ်နဲ့ ကွန်ဒိုလီဇာရိုက်စ်တို့ရဲ့ မိန့်ခွန်းတွေထဲက ကိုးကားပြောနေတာပါ။ လက်ဆုပ်လက်ကိုင် အထောက်အထားတွေ ရှိပါတယ်။ အဲဒီတော့ **အမေရိကန်ရဲ့ အသွင်ပြောင်းသံတမန်နည်းလမ်းဆိုတာ တကယ်တော့ အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုတွေ၊ မြေအောက်လုပ်ငန်းတွေကို သံတမန်အရေခြုံပြီး လုပ်တဲ့အလုပ်လို့ပဲ ဆိုရမှာပါ။ အီရတ်မှာ စစ်ရေးအရဝင်စွက်ဖက်တာ မအောင်မြင်ဘဲ အရှက်ကွဲနေရတာကြောင့် နောင်မှာ သံတမန်အရေခြုံပြီး ပြည်တွင်းက ပုဆိန်ရိုးတွေကိုသုံးပြီး အငှားဗိုက်နဲ့ ဓားထိုးခံမယ်ဆိုတဲ့အချိုးပါ။**

ဒီနေရာမှာ အမေရိကန်က ဘာကြောင့် မြန်မာနိုင်ငံမှာ ဝင်စွက်ဖက်ချင်နေရတာလဲ။ မြန်မာနိုင်ငံမှာ ဩဇာခံအစိုးရတစ်ရပ်ထားနိုင်အောင် ကြိုးစားနေတယ်ဆိုတဲ့ ပြောဆိုချက်တွေဟာ မှန်ရဲ့လားဆိုပြီး မေးခွန်းထုတ်စရာရှိပါတယ်။ ဒီအမေးကို အတိုချုပ်ရှင်းပြရမယ်ဆိုရင် ဆိုဗီယက်ပြိုကွဲသွားပြီးတဲ့နောက်မှာ အမေရိကန်က နောက်ထပ် သူ့ကို ပခုံးချင်းယှဉ်နိုင်မယ့်နိုင်ငံဟာ အာရှကပဲ ပေါ်ထွက်လာနိုင်တယ်လို့ သုံးသပ်ထားပါတယ်။ ကမ္ဘာ့မြေပုံကို ကြည့်လိုက်ရင် မြန်မာနိုင်ငံရဲ့ မဟာဗျူဟာအရ အချက်အချာကျမှုကို တွေ့နိုင်ပါတယ်။ အာရှမှာ အချက်အချာကျတဲ့ မြန်မာနိုင်ငံမှာ သူ့ဩဇာခံအစိုးရရှိရေးဟာ နောက်ဖြစ်လာနိုင်တဲ့ နိုင်ငံတကာရေးရာတွေမှာ လက်ဦးမှုရရေးအတွက် အရေးကြီးလာပါတယ်။ ဒါပါပဲ၊ ဘာဒီမိုကရေစီအခွင့်အရေး၊ ဘာလူ့အခွင့်အရေးအတွက်မှ မဟုတ်ပါဘူး၊ သူ့အကျိုးစီးပွားသက်သက်ပါပဲ။ တကယ်လို့ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ်သွားရင် ရွေးကောက်ပွဲအသစ် လုပ်ရမယ်။ အဲဒါဆိုရင် သူတို့ဩဇာခံပါတီအနိုင်ရဖို့ မသေချာဘူး၊ ဒီထက်ဆိုးတာက ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မြန်မာနိုင်ငံမှာ နိုင်ငံခြားတပ်တွေ ချထားတာကို တားမြစ်တဲ့အခြေခံမူ ပါဝင်နေတာပဲဖြစ်တယ်။ ဒီအချက်ဟာ အမေရိကန်ရဲ့ အာရှတိုက်ဆိုင်ရာမူဝါဒနဲ့ လုံးလုံးကြီး ဆန့်ကျင်နေတာမို့ ဘယ်လိုမှ လက်ခံနိုင်စရာမရှိဘူး ဖြစ်လာပါတယ်။ ဒါ့ကြောင့် အမေရိကန်ကလည်း သူ့အကြောင်းနဲ့သူ ဒီဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်မှာကို မလိုလားနိုင်ဘဲ ဖြစ်နေတာပါ။

ဒီလိုဩဇာခံအစိုးရတစ်ရပ် ပေါ်ပေါက်လာရေးအတွက် NLD ဌာနချုပ်ကို ဥဒဟိုဝင်ထွက်ပြီး အကူအညီတွေ၊ အကြံဉာဏ်တွေပေး (ဩဂုတ်လမှာ အမေရိကန်သံရုံးက NLD ဌာနချုပ်ကို ၁၈ ကြိမ်လာတယ်လို့ သတင်းစာများမှာ တွေ့လိုက်ရပါတယ်)၊ ၈၈ အုပ်စုဝင်တွေကို သံတမန်အခမ်းအနားတွေကို ဖိတ်ပြီး စင်တင်ပေး၊ အမေရိကန်စင်တာမှာ NLD နဲ့ ၈၈ အုပ်စုဝင်တွေကို နိုင်ငံရေး၊စီးပွားရေး၊ပညာရေးခေါင်းစဉ်တွေအောက်ကနေ သင်တန်းတွေအမျိုးမျိုးလုပ်နေတာ အားလုံးဟာ ဘုရှ်ရဲ့ အသွင်ပြောင်း သံတမန်နည်းလမ်းနဲ့ တည်ဆဲအစိုးရကိုဖြုတ်ချပြီး ဩဇာခံ ရုပ်သေးအစိုးရ တင်နိုင်ရေးလုပ်နေတာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း အခုစက်တင်ဘာလမှ ဖြစ်ပွားခဲ့တဲ့ သံဃာအချို့ရဲ့ ဆူပူဆန္ဒပြမှုတွေကို အမေရိကန်တို့ အရှေ့ဥရောပမှာလုပ်ခဲ့တဲ့ အရောင်တော်လှန်ရေး Colour Revolutions တွေလို သတ်မှတ်ပြီး ရွှေရောင်တော်လှန်ရေးဆိုပြီး ကင်ပွန်းတပ်ချီးကျူးခဲ့တာကို ကြားလိုက်ရမှာပါ။

မြန်မာ့နိုင်ငံရေးမြင်ကွင်းအခြေအနေတွေကို ပုံဖော်ပြခဲ့တာ အပိုင်း **သုံးပိုင်းရှိနေပါပြီ။ ဒီအပိုင်းသုံးပိုင်းကို ပြန်ခြုံကြည့်ရင် သူ့အကျိုးစီးပွားအတွက် မြန်မာနိုင်ငံမှာ ဩဇာခံအစိုးရတစ်ရပ် ပေါ်ပေါက်လာဖို့ အပြင်းအထန် ကြိုးစားနေတဲ့နိုင်ငံ၊ ဖြတ်လမ်းနည်းနဲ့ အာဏာရမယ်ဆိုရင် ဘာလုပ်ရ လုပ်ရဆိုတဲ့ပါတီ၊ အဲဒီပါတီ အာဏာရဖို့အတွက် ယူဂျီလုပ်ငန်းနဲ့ အဖျက်အမှောင့်လုပ်ငန်းတွေကို လုပ်ပြီး အထောက်အကူပေးမယ့် ပြည်တွင်းက ဗကသ၊ မကသဟောင်း ၈၈မျိုးဆက် ကျောင်းသားအမည်ခံအုပ်စု၊ ပြည်ပြေးအကြမ်းဖက်သမားများနဲ့ သောင်းကျန်းသူလက်ကျန်အုပ်စုတွေအားလုံး ပေါင်းစပ်ပြီး နိုင်ငံအတွင်းမှာ ဆူပူဆန္ဒပြမှုတွေ၊ အကြမ်းဖက်မှုတွေပေါ်ပေါက်လာအောင် လုပ်နေတာကို ဆက်စပ်ပုံဖော်တွေ့နိုင်နေပါပြီ။ ဥပမာတစ်ခုပြပါ့မယ်၊ တက်ကြွလှုပ်ရှားသူတွေကို အခြေခံတဲ့ အမေရိကန်ရဲ့ အသွင်ပြောင်းသံတမန်နည်းလမ်း၊ တက်ကြွလှုပ်ရှားသူများတပ်ဦးနဲ့ မြေအောက်လုပ်ငန်းတွဲလုပ်မယ့် ဗကပရဲ့ ၂၀၀၇ကြံဆချက်၊ ပြည်တွင်းမှာ အသင်းအဖွဲ့အမျိုးမျိုး ဖွဲ့စည်းလှုပ်ရှားလာနေတဲ့ NLD နဲ့ ၈၈ အုပ်စု၊ ပြည်ပကနေ လူသားချင်းစာနာထောက်ထားမှု အကူအညီခေါင်းစဉ်နဲ့ အဲဒီတက်ကြွလှုပ်ရှားသူများအဖွဲ့တွေကို အကူအညီပေးနေတဲ့ ပြည်ပြေးအဖွဲ့တွေ ဒါတွေအားလုံးဟာ တိုက်ဆိုင်မှု မဟုတ်ပါဘူး။ မိမိကိုယ်စီ အကျိုးစီးပွားတွေကို အခြေခံပြီး အမျိုးသားညီလာခံနဲ့ မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားရေးကို စိတ်တူကိုယ်တူ ပူးပေါင်းလုပ်ဆောင်နေကြတဲ့ လုပ်ရပ်တွေပါ။**

ဒီလိုပဲ ဆက်ပြီးနှိုင်းယှဉ်ပြမယ်ဆိုရင် ပြနိုင်စရာတွေ အများကြီး ရှိပါတယ်။ အခုလို တစ်ဖွဲ့ချင်းရဲ့ ရည်ရွယ်ချက်နဲ့လုပ်ရပ်တွေကို ခွဲခြား ဖော်ပြရတာကတော့ ပြည်သူအားလုံး ဒီအဖွဲ့အစည်းတွေရဲ့ လုပ်ရပ်ကို ခြုံငုံပြီး မြင်စေချင်လို့ပါ။ မဟုတ်ရင် ကျောင်းသားအရေးလှုပ်ရှားတာပဲ၊ သံဃာ့အရေးလှုပ်ရှားတာပဲ၊ ကုန်ဈေးနှုန်းကျဆင်းရေးလှုပ်ရှားတာပဲဆိုပြီး ကွက်ကွက်ကလေးမြင်နေမှာ စိုးရပါတယ်။ ဒါတွေက အခြေအနေအရ ကျင့်သုံးတဲ့ နည်းဗျူဟာတွေပါ။ ကျွန်တော်တို့ မြင်ရမှာက သူတို့အားလုံးရဲ့ မဟာဗျူဟာရည်မှန်းချက်ပါ။

ကျွန်တော်တို့ဟာ ကျွန်တော်တို့ အနာဂတ်အတွက် ခရီးဆက်ကြရဦးမှာပါ။ ဆက်ရမယ့်လမ်းကြောင်းက မူဝါဒလမ်းစဉ်(၇)ရပ်ပါ။ ရည်မှန်းချက်က စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ပဲပေါ့။ အကြမ်းဖက်မှုတွေ၊ ဆူပူမှုတွေ၊ ပြည်ပအားကိုးတာတွေ၊ ဖြတ်လမ်းနည်းနဲ့ အာဏာယူတာတွေကနေပြီး အဲဒီရည်မှန်းချက်ကို အကောင်အထည်မဖော်နိုင်တာ သေချာပါတယ်။ ဘာတွေပဲရလာမလဲ၊ ၁၉၈၈ခုနှစ် အရေးအခင်းကို သိမီလိုက်သူတွေ ရှိပါတယ်။ ကျွန်တော်တို့ အဲဒီအချိန်ကို ပြန်သွားမလား၊ ၁၉၄၈ခုနှစ်တုန်းကလို တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲပြီး တစ်ပြည်လုံး ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို ခါးစည်းခံခဲ့ရတဲ့အထိ နောက်ကြောင်းပြန်သွားချင်ကြလား။

ကျွန်တော့်ဆောင်းပါး အပိုင်း(၁)မှာ ပြည်သူလူထု လိုလားတဲ့ အဓိကဆန္ဒကြီးသုံးရပ်ကို ပြောခဲ့ပါတယ်။ အဲဒီဆန္ဒတွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ရှေ့ဆက်ရမည့်လမ်းကြောင်းလည်း ရှိနေပါပြီ။ ဒီတော့ ကျွန်တော်တို့ကို ဒီလမ်းကြောင်းကနေ သွေဖည်သွားအောင် လုပ်နေတဲ့ အဖွဲ့အစည်းအမျိုးမျိုးနဲ့ သူတို့ရဲ့ နောက်ကွယ်က ဆရာကြီးများရဲ့ အန္တရာယ်ကို သတိပြုကာကွယ်ရင်း မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်ကြရအောင်လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

နေပြည်တော် လယ်ဝေးမြို့နယ်မှ မဒန်းရေလှောင်တမံ ဘက်စုံစီမံကိန်း

နေပြည်တော် လယ်ဝေးမြို့နယ်တွင် ရန်အောင်မြင်ရေလှောင်တမံ၊ သဲဖြူရေလှောင်တမံနှင့် ချောင်းမငယ် ရေလှောင်တမံများကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။ ယခုအခါတွင် မဒန်းချောင်းပေါ်၌ မြေသား တမံတည်ဆောက်ပြီး တမံ၏အောက်ဘက် ရုံးပင်ချောင်းနှင့် ပလွေးချောင်းဆုံ၏ အထက်ဘက် မြို့ကုန်းရွာအနီး ရုံးပင်ချောင်းပေါ်တွင် ရေလွှဲဆည်တစ်ခုတည်ဆောက်လျက် ချောင်းမငယ်ရေလှောင်တမံ၏ ရေသောက် ဧရိယာပြင်ပဖြစ်သော ရုံးပင်ချောင်း လက်ယာဘက်ခြမ်း ဧရိယာ ဧက ၈၀၀၀ ခန့်ကို ဆည်ရေပေးဝေနိုင်ရန် ဖြစ်သည်။

မဒန်းရေလှောင်တမံ တည်ဆောက်နေသည့် စီမံကိန်းနယ်မြေသို့ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ လက်ထောက်အင်ဂျင်နီယာ ဦးသာယာနှင့် ဒုတိယ လက်ထောက်အင်ဂျင်နီယာ ဦးသက်ဆွေဝင်းတို့ လိုက်ပါလျက် သွားရောက်လေ့လာခဲ့ပါသည်။ မဒန်းရေလှောင်တမံသို့ သွားရောက်ရာတွင် နေပြည်တော်လယ်ဝေးမှ အရှေ့တောင်ဘက် သပြေပင်ရွာအထိ ခြောက်မိုင်လာခဲ့ရပြီး သပြေပင်ရွာမှ အနောက်တောင်ဘက် ၃၆ မိုင် ဆက်လက်လာခဲ့ရာ နန္ဒမ်းကျင်းကျေးရွာမှ တစ်မိုင်ခန့်အကွာတွင် တွေ့ရှိရသည်။

မဒန်းရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ လက်ထောက်အင်ဂျင်နီယာ ဦးသာယာက **မဒန်းရေလှောင်တမံသည် ရေဆင်းဧရိယာ ၃၅ စတုရန်းမိုင်ရှိပြီး တမံအမျိုးအစားမှာ မြေသား တမံဖြစ်ကြောင်း၊ တမံအလျား "ပင်မတမံ"မှာ ပေ ၉၁၈၀ နှင့် ကုန်းကျောတမံလေးခု စုစုပေါင်း ၁၇၀၂ ပေရှိကြောင်း၊ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၃၆၅၀၀ ရှိကြောင်း၊ ကန်ရေသေ ရေလှောင်ပမာဏမှာ ဧက ၅၂၀၀ နှင့် ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ၁၁၁၃ ဧကဖြစ်ကြောင်း၊ ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ရေထုတ်ပြွန် အလျားမှာ ၂၉၈ ပေရှိကြောင်း၊ ရေပိုလွှဲအကျယ် ပေ ၅၀၊ ရေပိုလွှဲအလျားပေ ၇၉၀၊ ရေပိုလွှဲဒီဇိုင်းရေထု စီးနှုန်း ၃၃၂၀ ကုဗပေ/စက္ကန့်နှင့် ဖိအားမြှင့် သံမဏိ ပိုက်လုံး အရွယ်အစားမှာ ၁၉ လက်မ Steel Pipe ဖြစ်ကြောင်း** ရှင်းလင်းပြောပြပါသည်။

ရေအားလျှပ်စစ်စက်တပ်ဆင်အင်အား၂၅ကီလိုဝပ် ၀ ဒသမ ၀၂၅ မဂ္ဂါဝပ်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားမှာ ၀ ဒသမ ၀၈ ကီလိုဝပ်နာရီသန်းဖြစ်ကာ ဆည်ရေပေးနိုင်မည့် ဧရိယာသည် စုစုပေါင်းဧက ၈၀၀၀ ဖြစ်သည်။ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားရှိသည်။ မဒန်းရေလှောင်တမံ တည်ဆောက်ရေးတွင် စခန်းအဆောက်အအုံပေါင်း ၃၁ လုံး တည်ဆောက်ပြီးစီးနေပြီး၊ ပင်မတမံ RD-0မှ RD-700 အထိ RL-645' (Dam Crest)အထိ မြေဖို့ပြီးစီးခဲ့သည်။ ကျန်လုပ်ငန်းများကို စီမံကိန်း လျာထားချက်နှင့်အညီ ပြီးစီးရေးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မဒန်းရေလှောင်တမံမှ ဆည်ရေကိုချောင်းအတိုင်း လွှတ်ပေးပြီး ရေလွှဲဆည်မှတစ်ဆင့် မြောင်းမကြီး၊ လက်တံမြောင်းများမှ ဆည်ရေပေးမည့် ဧရိယာများသို့ ဖြန့်ဝေပေးမည်ဖြစ်သည်။ မဒန်းဆည်ရေနှင့် သဲဖြူရေလှောင်တမံမှ ပေးဝေသော ရေသောက်ဧရိယာများ ဆက်စပ်သွားမည်ဟု သိရှိရသည်။

သဲဖြူရေလှောင်တမံသည် နေပြည်တော် လယ်ဝေးမြို့နယ်၊ ရေပြာရိုးရွာ၏ အနောက်မြောက် လေးပိုင်း သုံးပိုင်း မိုင်ခန့် အကွာတွင် သဲဖြူချောင်းပေါ်၌ တည်ဆောက်ထားပြီး ၂၀၀၄ ခုနှစ် ဩဂုတ် ၃၀ ရက်က ဖွင့်လှစ်ခဲ့သည်။ ဆည်ရေသောက်တစ်ခုလုံးကို ၂၀၀၅ ခုနှစ် မတ် ၃၁ ရက်တွင် ပြီးစီးခဲ့သည်။ ယခုအခါတွင် နေပြည်တော် လယ်ဝေးမြို့နယ် ကြံစိုက်ဧရိယာနှင့် လယ်မြေများအား ရေပေးဝေလျက်ရှိပြီး ပိုလျှံရေများကို ရေနီကျောက်အိုးရေလွှဲဆည်သို့ ရေဖြည့်ကူပေးပြီး ရေလွှဲဆည်၏ ရေသောက်ဧရိယာအတွင်းမှ စိုက်ဧကများ၏ စိုက်ပျိုးရေရရှိမှုကိုပါ အထောက်အကူပြုနေပေသည်။ သဲဖြူရေလှောင်တမံမှ ဆည်ရေသည် ကြံနှင့်စပါးဧက ၁၂၀၀ ကို အကျိုးပြုလျက်ရှိပြီး မဒန်းရေလှောင်တမံမှ ဆည်ရေသည် ဧကပေါင်း ၈၀၀၀ ခန့် စိုက်ပျိုးရေ ပေးဝေမည်ဖြစ်ရာ ကြံ၊ စပါးနှင့် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးလာနိုင်ပေမည်။

နေပြည်တော် လယ်ဝေးမြို့နယ်တွင် ရေလှောင်တမံများ တည်ဆောက်ပေးခြင်းဖြင့် စိုက်ပျိုးရေ၊ သောက်သုံးရေနှင့် လျှပ်စစ်ဓာတ်အားပါ ပိုမိုရရှိတော့မည်ဖြစ်၍ဒေသ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
ခင်မောင်သန်း(စက်မှု)

နေပြည်တော်လယ်ဝေးမြို့နယ်တွင်တည်ဆောက်ပြီးစီးခဲ့သည့် ကြံနှင့် စပါးဧက ၁၂၀၀ ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိသော သဲဖြူရေလှောင်တမံကို တွေ့ရစဉ်။

မဒန်းရေလှောင်တမံ ရေထိန်းမျှော်စင် တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။

မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ကာကွယ်ဆေးဖျန်းလုပ်ငန်း ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၏ ညွှန်ကြားချက်အရ စီမံရေးရာဌာန ဒုတိယဌာနမှူး ဦးသူရိန်ကျော်၊ ပန်းဘဲတန်းမြို့နယ် စည်ပင်အုပ်ချုပ်ရေးမှူး ဦးငွေစိုး ဦးဆောင်သော ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့သည် စက်တင်ဘာ ၂၇ရက် နံနက်က ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် ခြင်၊ ယင်၊ ပိုးမွှားများ ကင်းစင်စေရန် ကာကွယ်ဆေးမှုတ်ခြင်း၊ ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သည်။

ရှေးဦးစွာ ဒုတိယဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများသည် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ကိုးထပ်ကျောင်းဆောင်များ၊ လေးထပ်ကျောင်းဆောင်များ၊ ဓမ္မာရုံ၊ ဂေါပကရုံး၊ ကုဋီ၊ ရေချိုးခန်းများ၊ မီးဖိုဆောင်၊ ရေဆင်းမြောင်းများသို့ ကာကွယ်ဆေးမှုတ်ခြင်း၊ ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ ထိုသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကျန်းမာရေး ဆောင်ရွက်ပေးမှုကို မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၊ ပန်းဘဲတန်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တ သုဇာတ ဆရာတော်တို့က သာဓုအနု မောဒနာ ခေါ်ဆိုပါကြောင်း မိန့်ကြားတော်မူသည်။ (၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ မဟာသိမ်တော်ကြီး ပရိယတ္တိ စာသင်တိုက်ရှိ ဓမ္မာရုံတွင် ကာကွယ်ဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ (၁၉)

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်၊ လူသစ်၊ ဘဝသစ်

ပဲခူးတိုင်းရှိ သဲဖြူဓာတ်အားခွဲရုံနှင့် သာဂရစက်မှုနယ်မြေ ဝန်ကြီး ဗိုလ်ချုပ်စောလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၇

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၄ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း မြို့လှမြို့နယ်ရှိ သာဂရစက်မှုနယ်မြေအတွက် လျှပ်စစ်ဓာတ်အားရယူရန် တည်ဆောက်လျက်ရှိသော သဲဖြူဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်း ညွှန်ကြားရေးမှူး ဦးခင်ဝင်းက ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ အထွေထွေမန်နေဂျာ ဦးအေးသောင်းက ဓာတ်အားခွဲရုံမှ စက်မှုနယ်မြေသို့ ဓာတ်အားလိုင်း သွယ်တန်းရန်အတွက် ကွန်ကရစ်တိုင်များ တိုင်ထောင်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ သွယ်တန်းပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ဓာတ်အားခွဲရုံ အဆောက်အအုံကို အမြန်ဆုံး ပြီးပြတ်အောင် ဆောင်ရွက်ရန်၊ စက်ပစ္စည်းကိရိယာများ စနစ်တကျတပ်ဆင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အား လိုင်းကြိုးများသွယ်တန်းမှုကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရန်၊ စက်ပစ္စည်းအစိတ်အပိုင်းများ မတပ်ဆင်မီ စနစ်တကျနှင့် လုံခြုံစွာ ထိန်းသိမ်းထားရှိရန်တို့ကို မှာကြားပြီး ဝန်ကြီးသည် ဓာတ်အားခွဲရုံအဆောက်အအုံအတွင်း Control Panel များတပ်ဆင်ထားရှိမှု၊ Transformer များ တပ်ဆင်ပြီးစီးမှုနှင့် Galvanized Steel Tower တိုင်များ တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ သွားရောက်စစ်ဆေးရာ ဘက်စုံသုံးဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ အထွေထွေမန်နေဂျာ ဦးအေးသောင်းက စီမံကိန်းအလုပ်ရုံအဆောက်အအုံများတွင် Steel Structure များ တပ်ဆင်နေမှုများနှင့် တပ်ဆင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် မြေထိုးစက်၊ မြေတူးစက်ထုတ်လုပ်မှုစက်ရုံစီမံကိန်း အလုပ်ရုံအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုများနှင့် စက်ပစ္စည်းများ တပ်ဆင်ရန်အတွက် ကြိုတင်နေရာချထားမှုများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက စီမံကိန်းတစ်ခုချင်းအလိုက် တည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ်ကာလအတွင်းပြီးစီးစေရန် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရေး၊ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်း အလုပ်ရုံများအတွက် Steel Structure များကို အလုပ်ရုံအလိုက် စနစ်တကျ ထိန်းသိမ်းတပ်ဆင်ဆောင်ရွက်သွားရေး၊ မြေထိုးစက် မြေတူးစက်ထုတ်လုပ်မှု စက်ရုံစီမံကိန်းတွင် စက်ပစ္စည်းများ အချိန်မီ တပ်ဆင်နိုင်ရန်အတွက် တည်ဆောက်မှုလုပ်ငန်းများ အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရေး၊ အလုပ်ရုံအလိုက် တပ်ဆင်မည့် စက်ပစ္စည်းများနှင့် တပ်ဆင်မည့် နေရာတို့ကို စာရင်းပြုစုထားရှိရေး၊ စက်တပ်ဆင်ရေးအပိုင်းအတွက် လိုအပ်သော ကြိုတင်လေ့လာ ပြင်ဆင်မှုများပြုလုပ်ထားရှိရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ အလေအလွင့်နည်းပါးစေရေးနှင့်စက်သုံးဆီချွေတာရေးတို့ကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရေးငွေလှူ

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် လှိုင်မြို့နယ်(၅)ရပ်ကွက်၊မြကန်သာအိမ်ရာ ကံ့ကော်လမ်းနေ နှစ်ဖက်သောမိဘများအားအမှူးထား၍ ဒေါက်တာဦးခင်မောင်ဦး–ဒေါက်တာဒေါ်သန်းသန်းဆင့်၊ သား မောင်ဇေယျာဦး၊မောင်ဝေယံဦး မိသားစုက ငွေကျပ် ၁၅၀၀၀၀ ကိုလှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်ဦးသန်းလွင်နှင့် ဦးအုန်းကြိုင်တို့ လက်ခံရယူသည်။**(အပေါ်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီးတည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့်အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း–၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၇၀)တက္ကသိုလ်ရိပ်သာလမ်းရှိအင်းလျားဝေဠုဝန်ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသောပင်မသုံးထပ် ကျောင်းဆောင်ကြီးအတွက် ဗဟန်းမြို့နယ် အမှတ် ၇၀(က) တက္ကသိုလ်ရိပ်သာလမ်းနေ ဦးလှမြင့်မောင်–ဒေါ်စုစုတီ မိသားစုတို့က ငွေကျပ် တစ်သိန်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဝေဠုဝန်နိကာယဗဟို အကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (အဂ္ဂမဟာပဏ္ဍိတ)ထံ ရေစက်ချအနုမောဒနာတရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းလှ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အာဟာရသရုပ်ပြချက်ပြုတ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

လားရှိုး စက်တင်ဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင် အာဟာရသရုပ်ပြချက်ပြုတ်ပြိုင်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ရက် မွန်းလွဲ ၁နာရီက လားရှိုးမြို့ ရပ်ကွက်(၈) မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီ တက်ရောက်အားပေးချီးမြှင့်သည်။

ထို့နောက် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲများ၏ အာဟာရ သရုပ်ပြချက်ပြုတ်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင် အာဟာရ သရုပ်ပြချက်ပြုတ်ပြိုင်ပွဲများတွင် ဆုရရှိသော အသင်းခွဲများအား ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီနှင့် အဖွဲ့ဝင်များက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး**(အပေါ်ယာပုံ)**အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

(ပြည်နယ်ပြန်/ဆက်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲဖြစ်သော အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီးရှိ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးလှမြင့်(ခ) ဦးကောင်းမြတ်တို့ကို ရည်စူး၍ ရန်ကုန်မြို့ သမိုင်း အောင်သိဒ္ဓိ အောင်မင်္ဂလာလမ်းနေ ဒေါ်မြမြအေး၏ (၇၁)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ (နာလန္ဒာ)၏ ရှေ့မှောက်၌ ကျပ်တစ်သိန်း လှူဒါန်းရာ အမှုဆောင် ဒေါ်ခင်သန်းက လက်ခံယူစဉ်။

(က–ပ)

ရန်ကုန်မြို့ လှိုင်မြို့နယ် (၃) ရပ်ကွက် ဘုရင့်နောင်လမ်းနေ ကွယ်လွန်သူ အစ်မ ဒေါ်ပို၊ တူမ သမီး မအေးအေးသင်းတို့အား ရည်စူး၍ ဒေါ်သန်း၊ တူ ဦးတင်ယု၊ မြေး မောင်ဟိန်းထက်ဇော်၊ မဖြူဖြူသန်းကို မိသားစုတို့က အထွေထွေ ပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈–၉–၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိုင်းနှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၅	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၄၀	၁၂။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပုံရိပ်ပမာ" (အပိုင်း–၂၆)**
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာကြီးမား(သား)ပေါင်းချိန်" (အပိုင်း–၂၉)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိုင်းနှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

နှစ်(၁၁၀)ပြည့်နှစ် (၁၀၇)ကြိမ်မြောက် ပေါင်းတည်မြတ်စွယ်တော်ပွဲ အောင်မြင်စွာကျင်းပပြီးစီး စွယ်တော်လှည့်လည်ပူဇော်ပွဲ တစ်ပြည်လုံးမှဘုရားဖူးများဖြင့် အထူးစည်ကားများပြား

ရန်ကုန် စက်တင်ဘာ ၂၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့၏ (၁၀၇)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲကို တော်သလင်းလဆန်း ၁၂ ရက် (စက်တင်ဘာ ၂၃ရက်) ညနေ ၄ နာရီခွဲမှစတင်ပြီး သကျမုနိ မိုလ်းကောင်း ဘုရားကြီး ပရိဝုဏ်အတွင်း၌ကျင်းပရာ ရွှေကျောင်းကြီးတိုက် နာယကအဖွဲ့ဥက္ကဋ္ဌ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ သကျမုနိ မိုလ်းကောင်းကျောင်း ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် ဗုဒ္ဓမြတ်စွယ်တော် အခမ်းအနားစီစဉ်မှုအဖွဲ့ကြီး၏ ဩဝါဒါစရိယ သာသနဇောတိကာရုံကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိမလအမှူးပြုသော ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသည့် အာဂမဇောတိကာရုံ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသ၊ သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပါရဂူ၊ မင်္ဂလာကျောင်းသစ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ ပြည်လုံးချမ်းသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ ဆရာတော်ကြီးငါးပါးနှင့် (၁၀၇)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် အခမ်းအနား စီစဉ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးညိမ်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့်အဖွဲ့ဝင်များ၊ သဒ္ဓမ္မဝေပုလ္လအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဂန္ဓကုဋိတိုက်မှ ဗုဒ္ဓမြတ်စွယ်တော်အား အပူဇော်ခံ ရွှေပလ္လင်ပေါ်သို့ ပင့်ဆောင်သည့် အခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာသူများက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီးနောက် ငါးပါးသီလခံယူဆောက်တည်ကြပြီး တစ်နှစ်တာ ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်မှ အပူဇော်ခံရာ ရွှေပလ္လင်ပေါ်သို့ ကြွမြန်းရန် ဂါထာတော်များ၊ မင်္ဂလာရတုကဗျာများ၊ တောင်းဆုခြွေရာ ပတ္တနာတေးထပ်များဖြင့် တာဝန်ရှိသူတို့က ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညိမ်းနှင့်အဖွဲ့ဝင်များက စတင်ပင့်ဆောင်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိမလ အမှူးပြုသော ဩဝါဒါစရိယ ဆရာတော်ကြီးများက အဆင့်ဆင့်ပင့်ဆောင်ကြကာ အပူဇော်ခံရွှေပလ္လင်ပေါ်သို့ ပင့်ဆောင်ကြလျက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အခမ်းအနားကိုရုပ်သိမ်းသည်။

ထို့နောက် တော်သလင်းလဆန်း ၁၃ရက် မွန်းလွဲ ၁နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အား ရတနာဆင်တော်ဖြင့် ပေါင်းတည် မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်သို့ လှည့်လည်အပူဇော်ခံသည့် အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိမလနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသောသံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်များက အပူဇော်ခံ ဗုဒ္ဓမြတ်စွယ်တော်အား ရွှေပလ္လင်ပေါ်မှ လက်ဆင့်ကမ်းသယ်ဆောင်ပြီး မင်္ဂလာရတနာဆင်ပေါ်သို့ပင့်ဆောင်ကြရာကနက္ကဒါန်ထီးဖြူ၊ ရွှေထီး၊သိုင်း၊ ကျိုင်း၊ သာသနာ့အလံတော်များ ကိုင်ဆောင်၍ အရှေ့ဝင်း၊ အနောက်ဝင်းခင်းပြီး ဓမ္မစကြာအသင်းများ၊ ဆင်ပိုင်ရှင် ဖောင်သူကြီးအနွယ်စုဝင်များ၊ ဝတ်အသင်းများ၊ အနုပညာရှင် ယိမ်းမော်တော်ယာဉ်များ၊ ဘုရားဖူးပြည်သူများ ဝန်းရံလျက် ပေါင်းတည်မြို့ပေါ် ရပ်ကွက်သို့ လှည့်လည်အပူဇော်ခံပြီးနောက် အပူဇော်ခံ ဗုဒ္ဓမြတ်စွယ်တော်အား ရွှေပလ္လင်ထက်သို့ ပြန်လည်၍ စံမြန်းတော်မူရာ အနယ်နယ်အရပ်ရပ် ဘုရားဖူးများက ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ၊ အလှူတော်ငွေများကို ထည့်ဝင်ပူဇော် ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် တော်သလင်းလဆန်း ၁၄ရက် နံနက် ၈နာရီတွင် အပူဇော်ခံ ရွှေပလ္လင်ထက်ရှိ ဗုဒ္ဓမြတ်စွယ်တော်အား ရွှေကြုတ်တော်ဖြင့် မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ဩဝါဒါ စရိယဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်လူကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား ရွှေကြုတ်မှ ဖွင့်လှစ်၍ ပကတိအတိုင်း အပူဇော်ခံသည်။

ယင်းနောက် တော်သလင်းလဆန်း ၁၅ရက် ည ၉နာရီတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးဝိမလနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ ဦးဆောင်လျက် ပေါင်းတည် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် ဂေါပကအဖွဲ့ဝင်များနှင့်အတူ ဗုဒ္ဓမြတ်စွယ်တော်အား တစ်နှစ်တာ ပြန်လည်ကိန်းဝပ်စံပယ်မည့် ဂန္ဓကုဋိတိုက် အတွင်းသို့ အခမ်းအနားဖြင့် ပြန်လည်ပင့်ဆောင်ကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းလျက် အခမ်းအနားကိုရုပ်သိမ်းသည်။

ပေါင်းတည် ဗုဒ္ဓမြတ်စွယ်တော် နှစ်(၁၁၀)ပြည့် (၁၀၇)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် ပွဲတော်ကျင်းပရာတွင် မြန်မာနိုင်ငံအနှံ့အပြားမှ ဘုရားဖူးပြည်သူများအား တိုင်းရင်းဆေးသမားတော်ကြီးများ၊ အထွေထွေရောဂါကု သမားတော် ဆရာဝန်ကြီးများ၊ မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့ စမ်းသပ်ကုသပေးကြသည်။ မြို့ပေါ်ရပ်ကွက်များ၌လည်း ပျော်ပွဲရွှင်ပွဲများဖြင့်လည်းကောင်း၊ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရာလမ်းတစ်လျှောက် ဆင်ရတနာ ရပ်နားစခန်းများတွင်လည်းကောင်း၊ ပွဲတော်ကိုလိုက်ပါကြသူများအား ရိုးရာဝလေ့မုန့်၊အချိုရည်များဖြင့် ပျူငှာစွာ ကျွေးမွေးဧည့်ခံကြသည်ကိုလည်းကောင်း ပွဲတော်သို့ ဆိုင်ခန်းပေါင်း ထောင်ကျော်လာရောက်ရောင်းချကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

(သတင်းစဉ်)

ပေါင်းတည်မြို့ အပူဇော်ခံ ရွှေပလ္လင်ထက်ရှိ ဗုဒ္ဓမြတ်စွယ်တော်အား ရွှေကြုတ်ဖြင့် မင်္ဂလာအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

အင်တာနက် အားကစားသတင်းများ

စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)ကျင်းပ

မီလန် စက်တင်ဘာ ၂၇

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)ကို မီလန်မြို့တွင် ဗုဒ္ဓဟူးနေ့က ကျင်းပသည်။ အီတလီနိုင်ငံ မီလန်မြို့၌ ပါလာမိုအသင်းက အေစီမီလန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အင်တာမီလန်နှင့် ဆမ်ဒိုးရီးယားတို့၏ပွဲတွင် အင်တာမီလန်အသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး စီးရီးအေအမှတ်ပေးဇယားတွင် ထိပ်ဆုံး၌မှ ရပ်တည်လျက်ရှိနေသည်။

ထိခိုက်ဒဏ်ရာရရှိထားသူ ဖရန်ဆက်စကိုတော်တီ ပါဝင်ကစားနိုင်ခြင်း မရှိသော ရိုးမားအသင်းမှာမူ ဖီအိုရင်တီးနားအသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ကြသည်။

ဂျူဗင်တပ်စ်နှင့် ရက်ဂျီးနားတို့၏ပွဲတွင်မူ ဂျူဗင်တပ်စ်အသင်းက လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အတန်းတက်လာသည့် ဂျီနိုအာအသင်းက အိမ်ကွင်းတွင် အူးဒီးနီးစ်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အေစီမီလန်တိုက်စစ်မှူးဟောင်း မာကိုဘော်ရယ်လို တစ်ဦးတည်းက ဂျီနိုအာအသင်းအတွက် သုံးဂိုးသွင်းပေးကာ ဟက်ထရစ်ရရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲ ဘေယန်မြူးနစ်အနိုင်ရ

ဘာလင် စက်တင်ဘာ ၂၇

ဂျာမနီဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲကို ဗုဒ္ဓဟူးနေ့ကကျင်းပသည်။ ဘာလင်မြို့၌ ဘေယန်မြူးနစ်အသင်းနှင့် အင်နာဂျီကော့ဘတ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ၌ ဘေယန်မြူးနစ်အသင်းက ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ယင်းပြိုင်ပွဲတွင် ဘေယန်မြူးနစ်အသင်းမှ မီရိုဆလပ်ကလိုဆေးက နောက်ဆုံးပွဲချိန် မိနစ် ၃၀အတွင်း သုံးဂိုးဆက်တိုက်သွင်းပေးခဲ့သည်။ ကလိုဆေးသည်ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲခြောက်ပွဲတွင် ယခုအချိန်အထိ ရှစ်ဂိုးသွင်းယူနိုင်ပြီဖြစ်သည်။ ဘေယန်မြူးနစ်အတွက် မာတင်ဒီမစ်ချဲလစ်နှင့် ယူဘာတိုနီတို့က တစ်ဂိုးစီသွင်းပေးခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

တိုက်စစ်မှူး မိုက်ကယ်အိုဝင် ဘောလုံးမကစားနိုင်သေး

လန်ဒန် စက်တင်ဘာ ၂၇

မိုက်ကယ်အိုဝင်သည် အောက်တိုဘာလနှောင်းပိုင်းအထိ ဘောလုံးကစားနိုင်မည်မဟုတ်ကြောင်း နယူးကာဆယ်ယူနိုက်တက်အသင်း မန်နေဂျာ ဆမ်အယ်လာဒိုက်စ်က ယနေ့ပြောကြားသည်။

တိုက်စစ်မှူးအိုဝင်သည် ပေါင်ကြွက်သားနာကျင်သည့်ဝေဒနာကို ခံစားခဲ့ရပြီး ဝမ်းဗိုက်တစ်ဝိုက် နာကျင်သည့်ဝေဒနာကိုလည်း ခံစားရသဖြင့် ခွဲစိတ်ကုသမှုခံရဖွယ်ရှိကြောင်း၊ ၎င်းသည် နယူးကာဆယ်ယူနိုက်တက်အသင်းအတွက် လာမည့်ပွဲလေးပွဲတွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း အယ်လာဒိုက်စ်က ပြောကြားသည်။

လက်ရွေးစင်ဘောလုံးသမားတစ်ဦးလည်းဖြစ်သူ အိုဝင်သည် ယူရို ၂၀၀၈ခြေစစ်ပွဲတွင်လည်း ပါဝင်ကစားနိုင်မည်မဟုတ်ပေ။ အင်္ဂလန်အသင်းသည် အုပ်စု(င)တွင်ပါဝင်ပြီး အောက်တိုဘာ ၁၃ရက် တွင် အက်စတိုးနီးယားနှင့်လည်းကောင်း၊ နောက်လေးရက်အကြာတွင် ရုရှားနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၇–၉–၂၀၀၇)

မြစ်ကြီးနား
၃ ဒသမ ၁၉ လက်မ

ရန်ကုန်(မင်္ဂလာဒုံ)
၁ ဒသမ ၉၃ လက်မ

တောင်ကြီး
၁ ဒသမ ၇၄ လက်မ

ပင်လောင်း
၁ ဒသမ ၅၇ လက်မ

မချမ်းဘော
၁ ဒသမ ၄၂ လက်မ

ရန်ကုန်(ကမ္ဘာအေး)
၁ ဒသမ ၁၈ လက်မ

★ မိုးလုံးပြည့်မုသာဝါဒီ VOA နှင့် BBC

★ BBC နှင့် V OA အဖျက်သမားများကို သတိထား

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဆန္ဒပြလူအုပ်စုများက လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ခဲဖြင့်ပေါက် လေးခွ၊ ဂျင်ဂလိ၊ တုတ်၊ ဓားတို့ဖြင့် ပစ်ခတ်အင်အားသုံးကာ လက်နက်များကိုလုယူရန် ကြိုးပမ်းလုပ်ဆောင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အတန်တန်ဖျောင်းဖျ မေတ္တာရပ်ခံခဲ့သော်လည်း မရသဖြင့် ခြောက်လှန့်ပစ်ခတ်မှုများပြုလုပ်ခဲ့၊ လုံခြုံရေးတပ်ဖွဲ့ဝင် ၃၁ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ဆန္ဒပြအုပ်စုမှ အမျိုးသားကိုးဦးသေဆုံး၊ အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၂၇

အေးချမ်းတည်ငြိမ်လျက်ရှိသော နိုင်ငံတော်အား ဆူပူမှုဖန်တီးလိုသူများ၏ အန္တရာယ်မှ ကာကွယ်ရန်နှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုကို ကာကွယ်ရန်အတွက် ဒေသအလိုက် တာဝန်ရှိသူများနှင့် ပြည်သူများသည် စိတ်ရှည်စွာ သည်းခံဖြေရှင်းလျက်ရှိသည်။ သို့ရာတွင် စက်တင်ဘာ၂၇ ရက်၌ ရန်ကုန်မြို့တွင် ဆန္ဒပြလူအုပ်စုများက လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ခဲဖြင့်ပေါက်၊ လေးခွ၊ ဂျင်ဂလိ၊ တုတ်၊ ဓားတို့ဖြင့် ပစ်ခတ်ပြီး အင်အားသုံးစီးနင်းလျက် လုံခြုံရေးတပ်ဖွဲ့များ၏ လက်နက်များကို လုယူရန်ကြိုးပမ်းသော ဖြစ်စဉ်များဖြစ်ပွားခဲ့သည်။

လုံခြုံရေးတာဝန်ရှိသူများက အတန်တန်ဖျောင်းဖျမေတ္တာရပ်ခံသော်လည်း မရသဖြင့် မတတ်သာသည့်အတွက် ခြောက်လှန့်ပစ်ခတ်မှုများကို ပြုလုပ်ခဲ့ရသည်။

ရန်းရင်းဆန်ခတ်မှုဖြစ်စဉ်များတွင် ဆူပူသူများ၏လက်ချက်ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၃၁ ဦးထိခိုက်ဒဏ်ရာရရှိပြီး ဆန္ဒပြအုပ်စုများမှ အမည်မသိ အမျိုးသားကိုးဦး သေဆုံးကာ အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဒဏ်ရာရသူများကို ဆေးဝါးများကုသစောင့်ရှောက်ပေးလျက်ရှိသည်။

အထက်ပါသေဆုံးသူများတွင် ခရီးသွားဗီဇာဖြင့် ဝင်ရောက်လာသော ဂျပန်နိုင်ငံသား Mr. Nagai Kengi အသက်(၅၂)နှစ်ခန့်ရှိသူတစ်ဦးပါဝင်ပြီး ၎င်းသည် ခရီးသွားဗီဇာဖြင့် ဝင်ရောက်လာသော်လည်း ဆန္ဒပြသူများနှင့် လိုက်ပါသတင်းရယူရာမှ ယခုကဲ့သို့ ထိမှန်သေဆုံးခဲ့ခြင်းဖြစ်သည်။ ၎င်းနှင့်အတူ ဗီဒီယိုရိုက်ကူးသော ကင်မရာအမျိုးအစား ဗီဒီယိုကင်မရာတစ်လုံးနှင့် လက်ကိုင်ဖုန်းတစ်လုံး ပါရှိခဲ့သည်ကို တွေ့ရှိရကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)